
စိတ်ကူးချိုချိုအနုပညာ
mgyoe.com

# အညာဘုရားပွဲများ

ဦးစန္ဒိမာ(စလင်း)



mgyoe.com

ဦးစန္ဒိမာ(စလင်း)သည်
မြန်မာ့ယဉ်ကျေးမှုဖြစ်သော ဘုရားပွဲတော်များ
တိမ်ကောပျောက်ကွယ်သွားမည်ကို စိုးရိမ်ပုံရပါသည်။
ထို့ကြောင့် ဦးစန္ဒိမာ(စလင်း)သည် ဘုရားပွဲများသို့
ရောက်အောင်သွား၍ ထိုဘုရားပွဲများအကြောင်းကို
ကြိုးစားပမ်းစား မှတ်တမ်းတင်ခဲ့ပါသည်။
မှတ်တမ်းတင်ရာ၌လည်း သုတသက်သက်
မှတ်တမ်းတင်သည် မဟုတ်ဘဲ ရသနော၍
မှတ်တမ်းတင်ထားသဖြင့် စာဖတ်သူတို့သည်
ဦးစန္ဒိမာ(စလင်း) ခေါ်ရာနောက်သို့ စိတ်ဝင်တစား
လိုက်ပါသွားကြလိမ့်မည်ဟု ထင်မိပါသည်။
ထိုသို့လိုက်ပါသွားကြသဖြင့် ဘုရားပွဲများ၏
လွမ်းမောဖွယ်ကောင်းပုံကို သတိပြုမိကြပြီး
ထိုဘုရားပွဲများ တိမ်ကောပပျောက်ခြင်းမရှိရလေအောင်
ထိန်းသိမ်းစောင့်ရှောက်လိုစိတ်များ
တဖွားဖွားဖြစ်ပေါ်လာလိမ့်မည်ဟု ထင်မိပါသည်။

မြဝင်း(ဒဿန)၏ အမှာစာမှ–

llt0014
2000.00 Ks
mgyoe.com

mgyoe.com

ထုတ်ဝေသူ - ဒေါ်မျိုးမျိုးလတ်၊ ရွှေခေတ်စာပေ၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
အပြင်အဆင် - ကျော်ပြုစံ
၂၀၁၃၊ နိုဝင်ဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၂၀၀၀ ကျပ်

၂၉၄.၃

အညာဘုရားပွဲများ
ဦးစန္ဒိမာ(စလင်း) - ရန်ကုန်၊
စိတ်ကူးချိုချိုစာပေ၊ ၂၀၁၃၊
တမျက်နှာ ၁၆၃ မျက်နှာ၊ ၁၃ စင်တီ × ၂၀.၅ စင်တီ
(၁) အညာဘုရားပွဲများ

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# အညာဘုရားပွဲများ

## ဦးစန္ဒိမာ(စလင်း)

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| | – မြဝင်း (ဒသသန)၏ အမှာစာ | ၁ |
| ၁။ | မန်းသုံးတန် ဦးခိုက်ဖူးထိုက်တဲ့ ရွှေစက်တော် | ၇ |
| ၂။ | သုနာပရန္တထဲက ကျောင်းတော်ရာ | ၁၃ |
| | – စိတ်စေတသိက်၊ အတိတ်ခြေရာ | ၁၃ |
| | – သင်းပျံ့ရစ်ပိုင်း သမိုင်းခြေရာ | ၁၅ |
| | – ပွင့်လင်းသာသနာ ပြည်မြန်မာ | ၂၀ |
| | – ကျမ်းကိုး | ၂၁ |
| ၃။ | မကွေးမြို့စွန် မြသလွန် | ၂၂ |
| ၄။ | ရင်ခုန်သံမြန်နေဆဲ အာနန္ဒာဘုရားပွဲ | ၂၇ |
| ၅။ | မနူဟာဘုရားပွဲ | ၃၃ |
| ၆။ | လောကနန္ဒာဘုရားပွဲ | ၃၉ |
| ၇။ | တန့်ကြည့်တောင်ဘုရားပွဲ | ၄၃ |
| ၈။ | ရွှေစည်းခုံဘုရားပွဲ | ၄၇ |
| ၉။ | ရှင်ပင်စာကြို့ဘုရားပွဲ | ၅၂ |
| ၁၀။ | အေးစေတီဘုရားပွဲ | ၆၀ |
| ၁၁။ | မဟာသေခဲလှဘုရားပွဲ | ၆၃ |
| | – မဟာသေခဲလှဘုရားသမိုင်း | ၆၇ |


mgyoe.com

mgyoe.com

၁၂။ ဘော်ကြိုပွဲ ၇၀
- ရောက်ချင်လှသော ဘော်ကြိုခရီး ၇၀
- ဘော်ကြိုမှဒွောစေတီသမိုင်း ၇၂
- ဘုရားမှမ်လေးမှမ်ဆင်းတုတော်လေးဆူ ၇၃
- ပွဲတော်အခင်းအကျင်း ၇၄
၁၃။ တောစိမ်းစိမ်း တောင်လှလှ အလောင်းတော်ကဿပခရီး ၇၇
- အလောင်းတော်ကဿပ (ပုံတောင်ပုံညာ) ၈၅
၁၄။ ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီးကို တွေ့ရှိခြင်း ၉၀
၁၅။ မဟာသကျမာရဇိန်မန္တလေးကျောက်တော်ကြီးဘုရား ၁၀၁
- ကျောက်ဆင်းတုတော်များနှင့် ပတ်သက်၍ သမိုင်းကြောင်း ၁၀၁
- စနေမင်းကောင်းမှု မဟာဗောဓိဘုရား (အင်း၀) ၁၀၁
- တနင်္ဂနွေမင်းကောင်းမှု သောတာပန်ဘုရားသမိုင်း(စစ်ကိုင်း) ၁၀၁
- လောကသရဖူဆင်းတုတော်ကြီး ၁၀၂
- ကျောက်တုံးကြီး၏ ထူးခြားချက် ၁၀၃
- မန္တလေးသို့သယ်လာပြီ ၁၀၅
- ထိုခေတ်ဆက်သွယ်ရေးနှင့် မင်းတုန်းမင်းကြီးသဒ္ဓါစိတ် ၁၀၇
- မျက်နှာတော်ဖွင့်အနေကဇာတင်ပွဲ ၁၀၈
- ရင်ထဲက ဆန္ဒ ၁၁၀
၁၆။ စလင်းမြို့က အညာဘုရားပွဲ ၁၁၁
- ဂန္ထလောက (၁၂၉၈ ခုနှစ်၊ သီတင်းကျွတ်လ) ၁၁၅
၁၇။ သက်မဲ့များက စကားပြောခြင်း (သို့မဟုတ်)
(ဆရာအေး၊ ဆရာဦးချစ်မြ နိပါတ်တော်ပန်းချီများ) ၁၁၉
- မဟောသဓာဇာတ် ၁၂၂
- ဘူရိဒတ္တဇာတ် ၁၂၃
၁၈။ ရှင်ပင်ဖောင်တော်ဦးဘုရားပွဲ ၁၂၅
- ဖောင်တော်ဦးဘွဲ့ (ပတ်ပျိုး)
(ဆုံကုန်းဆရာတော်ကြီး အရှင်ဇဝန) ၁၂၇
၁၉။ ပခုက္ကူသီဟိုဠ်ရှင်ဘုရားပွဲ ၁၂၉
- အညာရုပ်ပုံလွှာ ၁၂၉
- ဂေဇက်ဘုရားပွဲ ၁၃၀

mgyoe.com

mgyoe.com

၂၀။ ကျောက်ခမောက်တောင်ဘုရားပွဲ ၁၃၄

၂၁။ တညောင်စတုမုခလေးမျက်နှာဘုရားပွဲ ၁၃၈

၂၂။ ပင်းဘုရားပွဲ ၁၄၂

– အတိတ်သမိုင်းနှင့်ရေနံ့သာမှ ရေနံချောင်းသို့ ၁၄၃

– ပင်းဘုရားသမိုင်း ၁၄၄

– ပင်းချောင်းဝန်းကျင် ၁၄၅

၂၃။ တောစိမ့်ရွာက ပြည်လုံးချမ်းသာဘုရား ၁၄၆

၂၄။ တောင်တော်ရွှေပုပ္ပား ၁၅၀

၂၅။ ၁၂ ပွဲ ဈေး (သို့) ခေတ်ပြိုင်တမန်တော် ၁၅၆

❒

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## မြဝင်း (ဒဿန) ၏ အမှာစာ

(၁)

ဦးစန္ဒိမာ (စလင်း) သည် ခရီးသွားခြင်း၌ ဝါသနာပါသူဖြစ်သလို စာရေးခြင်း၌ မွေ့လျော်သူ ဖြစ်သည်။ ခရီးသွားလျှင်သွား၊ မသွားလျှင် စာရေးနေတတ်သူ ဖြစ်သည်။ ရေးစရာရှိလျှင် အချိန်မဆွဲဘဲ တစ်ထိုင်တည်းနှင့် အပြီးရေးတတ်သူဖြစ်သည်။ သို့ဖြင့် ဦးစန္ဒိမာ (စလင်း)၏ စာအုပ်များသည် ဟောတစ်အုပ်၊ ဟောတစ်အုပ် ထွက်လာခဲ့ပါသည်။ ယခုလည်း စာအုပ်တစ်အုပ် ထွက်လာပြန်ပါပြီ။ "အညာဘုရားပွဲများ" တဲ့။

(၂)

ကျွန်တော်သည် (၇-၇-၂၀၁၃) ရက်နေ့က ဟောပြောပွဲ ကိစ္စဖြင့် ရန်ကုန်သို့ ရောက်ခဲ့ပါသည်။ "ဟိုတယ် ရန်ကုန်" ၌ ပြုလုပ်သော 'အမွေ' ဟောပြောပွဲ၌ ဟောပြောရန် ဖြစ်ပါသည်။ ထိုဟောပြောပွဲသို့ ဦးစန္ဒိမာ (စလင်း)လည်း ရောက်လာပါသည်။ ဦးစန္ဒိမာ (စလင်း) နှင့် ကျွန်တော်သည် ဟောပြောပွဲ မစမီ စားပွဲတစ်လုံး၌ ထိုင်လျက် စကားပြောဖြစ်ခဲ့ကြပါသည်။ ထိုသို့စကားပြောကြစဉ် ဦးစန္ဒိမာ (စလင်း)က " ဆရာ ... ဦးဇင်း ..."အညာ ဘုရားပွဲများ" စာအုပ်ထုတ်ဖို့ရှိတယ်။ အဲဒီစာအုပ်မှာ လဲ ဆရာ အမှာစာ ရေးပေးပါဦး" ဟု ပြောပါသည်။ "ရေးတာပေါ့ဘုရား" ဟု ကျွန်တော်က လျှောက်လိုက်သောအခါ ဦးစန္ဒိမာ (စလင်း)က "ရန်ကုန်က အပြန်မှာ ဆရာ့ဆီကို ဦးဇင်းစာမူတွေ ပို့လိုက်ပါ့မယ်။ စာမူတွေကို ဖတ်ပြီး

mgyoe.com

mgyoe.com


ဆရာ အမှာစာ ရေးပေးနော်" ဟု ထပ်ပြောပါသည်။ ကျွန်တော် သည် ဦးစန္ဒိမာ (စလင်း)၏ "စလင်းကန်လယ်ဆရာတော် ဘုရားကြီး" စာအုပ်၌ လည်း အမှာစာ ရေးပေးခဲ့ရပါသည်။

(၃)

ကျွန်တော် ရန်ကုန်မှ ပြန်ရောက်ပြီး နှစ်ပတ်လောက်ကြာသော အခါ ဦးစန္ဒိမာ (စလင်း)ထံမှ ဆောင်းပါးစာမူထုပ် ရောက်လာပါသည်။ စာမူများမှာ ပုံနှိပ်လုပ်ဆောင်ရန် အသင့်ပြင်ထားသော စာမူများဖြစ်ပါ သည်။ စာများကို ဖတ်ကြည့်သောအခါ ဆောင်းပါး ၂၆ ပုဒ်အနက် ဆောင်းပါးအပုဒ် ၂၀ မှာ ဘုရားပွဲအကြောင်း ဆောင်းပါးများဖြစ်၍ ကျန် ဆောင်းပါး ၆ ပုဒ်မှာ ခရီးသွားဆောင်းပါး ယဉ်ကျေးမှု ဆောင်းပါးများ ဖြစ်ကြောင်း တွေ့ရပါသည်။

(၄)

ဦးစန္ဒိမာ(စလင်း)၏ ဆောင်းပါးများကို ဖတ်ပြီးနောက် ကျွန်တော့် တွင် ထင်မြင်ချက် တစ်ခုဖြစ်ပေါ်လာပါသည်။ ထိုထင်မြင်ချက်မှာ ဦးစန္ဒိမာ (စလင်း) သည် ဘုရားပွဲများနှင့် စပ်လျဉ်း၍ ရေးသင့်သူတစ်ဦးဖြစ်သည် ဟူသော အချက်ဖြစ်ပါသည်။ အကြောင်းကို ဆိုရသော် ဦးစန္ဒိမာ (စလင်း) သည် ဘုရားပွဲသို့ တကူးတကန့် သွားမနေရဘဲ သူ့ကျောင်းရှေ့ထွက်လိုက် ရုံဖြင့် ဘုရားပွဲသို့ ရောက်သွားသောကြောင့် ဖြစ်ပါသည်။ ဦးစန္ဒိမာ (စလင်း)၏ ကျောင်းရှေ့တွင် နှစ်စဉ် ကဆုန်လ၌ ဘုရားပွဲရှိပါသည်။ ထိုဘုရားပွဲမှာ သိပ္ပံမောင်ဝက "အညာ ဘုရားပွဲ" ဟူ၍ အမှတ်တရ ရေးခဲ့ သော "စလင်း ကုသိနာရုံ" ဘုရားပွဲဖြစ်လေသည်။

ဦးစန္ဒိမာ(စလင်း)သည် သူ့ကျောင်းရှေ့ရှိ အရိပ်ကောင်းလှသော ညောင်ပင်ကြီးအောက်၌ ထိုင်လိုက်ရုံဖြင့် ပွဲတော် ရှုခင်းကို မြင်ရပါသည်။ ပွဲတော်အသံကို ကြားရပါသည်။ ထို့ပြင် ပွဲတော်သို့ လာရောက်ကြသော ၁၂ ပွဲ ဈေးသည်တို့နှင့်လည်း စကားပြောခွင့်ရပါသည်။ ဤသို့ စကား ပြောခွင့်ရသဖြင့် ဦးစန္ဒိမာ (စလင်း)မှာ ရေးစရာတွေ ရလာပါသည်။

ထို့ပြင် ဦးစန္ဒိမာ (စလင်း) သီတင်းသုံးမွေ့လျော်ရာ စလင်း

mgyoe.com

mgyoe.com

တစ်ဝိုက်တွင်လည်း ဘုရားပွဲတွေက များလှပါဘိ။ စလင်းနှင့် မလှမ်းမကမ်းတွင် မန်းစက်တော်ရာ ဘုရားပွဲ၊ ကျောင်းတော်ရာ ဘုရားပွဲရှိပါသည်။ စလင်းနှင့် အလွန်မဝေးသော မင်းပူး၌ စက္ကိန်းတဲ ဘုရားပွဲရှိပါသည်။ ဧရာဝတီမြစ်တစ်ဖက်ကမ်းသို့ ကူးလိုက်လျှင် မကွေးမြသလွန်ဘုရားပွဲရှိပါသည်။ မကွေးကနေ ရှေ့ဆက်တော့ ရေနံချောင်း ပင်းဘုရားပွဲရှိသည်။ ရှေ့ဆက်ပြန်တော့ ချောက် အေးစေတီဘုရားပွဲရှိသည်။ ချောက်ကနေ ပုဂံညောင်ဦးဘက် ခရီးဆက်ပြန်တော့ ရွှေစည်းခုံဘုရားပွဲ၊ အာနန္ဒာဘုရားပွဲ၊ မနူဟာဘုရားပွဲစသည့် ဘုရားပွဲများရှိသည်။ ဦးစန္ဒိမာ (စလင်း)သည် ထိုဘုရားပွဲများသို့ရောက်အောင် သွားပါသည်။ တစ်ခေါက်ရောက်ပြီးလည်း နောက်တစ်ခေါက်သွားသည်။ ဦးစန္ဒိမာ (စလင်း) သည် သူပြောသလို ခြေထောက်မှာ ဗွေပါသည်ထင့်။ ဘုရားပွဲများသို့ အခေါက်ခေါက်အခါခါ သွားပါသည်။ ငြီးငွေ့သည်ဟူ၍ မရှိပါ။

ဦးစန္ဒိမာ (စလင်း)သည် ဘုရားပွဲသို့ရောက်လျှင် ဘုရားဂေါပကအဖွဲ့နှင့် တွေ့သည်။ ဘုရားသမိုင်းဆိုင်ရာ အချက်အလက်များကို မေးမြန်းပါသည်။ မေးမြန်းရင်း အချက်အလ က်များကို မှတ်စုစာအုပ်၌ ရေးမှတ်ပါသည်။ ထို့နောက် ပွဲဈေးခင်းကို လျှောက်ကြည့်ပါသည်။ သူ့တွင်ပါလာသော ကင်မရာဖြင့် ဓာတ်ပုံရိုက်ပါသည်။ ထို့နောက် ၁၂ ပွဲ ဈေးသည်တွေနှင့် တွေ့ပါသည်။ စကားလက်ဆုံကျပါသည်။ ၁၂ ပွဲ ဈေးသည်တွေထဲမှာလည်း သူနှင့်သိကျွမ်းပြီးဖြစ်သော ၁၂ ပွဲဈေးသည်များလည်း ပါပါသည်။

ဦးစန္ဒိမာ (စလင်း)သည် ဘုရားပွဲတော်မှ ပြန်လာပြီး သူသီတင်းသုံးမွေ့လျော်ရာ ညောင်နှစ်ပင်ကျောင်းသို့ရောက်လျှင် သူစုဆောင်းရရှိခဲ့သော အချက်အလက်များကို ပြန်လည်သုံးသပ်၍ ဆောင်းပါးများ ရေးပါတော့သည်။ ရေးပြီးလျှင် သင့်ရာမဂ္ဂဇင်းတိုက်သို့ အမြန်ပို့ပါတော့သည်။ ထို့ကြောင့် ဦးစန္ဒိမာ (စလင်း)သည် ဘုရားပွဲများနှင့် စပ်လျဉ်း၍ ရေးသင့်သူတစ်ဦးဖြစ်သည်ဟု ကျွန်တော် ထင်မြင်ခဲ့ခြင်းဖြစ်ပါသည်။

## (၅)

'ဘယ်မြေမှာစေတီပေါ်မယ်လဲ၊ ဘယ်မြေမှာ အပျော်ကျောမယ်လဲ့'

mgyoe.com

mgyoe.com

ဟု ဆရာဇော်ဂျီ စာဖွဲ့ခဲ့သည့်အတိုင်း မြန်မာပြည်တွင် ဘုရားစေတီများ ပေါများလှပါသည်။ ထိုဘုရားစေတီများကို အကြောင်းပြု၍ ခင်းကျင်းသော ဘုရားပွဲတော်များလည်း ပေါများလှပါသည်။

ခေတ်အဆက်ဆက်တွင် ပေါ်ပေါက်ခဲ့သော စာရေးဆရာများသည် ထိုဘုရားပွဲတော်များနှင့် စပ်လျဉ်း၍ မိမိတို့မြင်တွေ့ရသလို မိမိတို့ခံစားရသလို ရေးဖွဲ့ခဲ့ကြပါသည်။ ဘုရားပွဲတော်တစ်ခုတည်းကိုပင် စာရေးဆရာတို့သည် မိမိတို့မြင်တွေ့သလို မိမိတို့ခံစားရသလို ရေးဖွဲ့ခဲ့ကြပါသည်။ ဥပမာဆိုရသော် စလင်းကုသိနာရုံဘုရားပွဲကို ကြည့်ပါလေ။ ထိုဘုရားပွဲကို သိပ္ပံမောင်ဝက "အညာဘုရားပွဲ"ဟူသော အမည်ဖြင့် ဆောင်းပါးရေးခဲ့ပါသည်။ ထိုဆောင်းပါးသည် ၁၂၉၈ ခုနှစ်၊ သီတင်းကျွတ်လထုတ် ဂန္ထလောက မဂ္ဂဇင်း၌ပါခဲ့လေသည်။ ထိုဘုရားပွဲတော်ကိုပင် ဦးစန္ဒိမာ (စလင်း) က "စလင်းက အညာဘုရားပွဲ" ဟူသော အမည်ဖြင့် ဆောင်းပါးရေးခဲ့ပါသည်။ ထိုဆောင်းပါးသည် ၂၀၀၉ ခုနှစ်၊ ဧပြီလထုတ် ဂမ္ဘီရ မဂ္ဂဇင်း၌ ပါခဲ့လေသည်။ ဆောင်းပါးတစ်ပုဒ်နှင့် တစ်ပုဒ်အကြား နှစ်ပေါင်း ၇၀ ကျော်ခြားခဲ့သည်။ သို့ဖြစ်ရာ သိပ္ပံမောင်ဝ မြင်တွေ့ခဲ့ရသော ဘုရားပွဲရှုခင်းနှင့် ဦးစန္ဒိမာ (စလင်း)မြင်တွေ့ရသော ဘုရားရှုခင်းသည် တူနိုင်တော့မည် မဟုတ်ပေ။ သိပ္ပံမောင်ဝတို့ခေတ်က စလင်းကုသိနာရုံဘုရားပွဲသည် ကြိတ်ကြိတ်တိုး စည်ကားခဲ့သည်။ ဦးစန္ဒိမာ (စလင်း) တို့ခေတ် စလင်းကုသိနာရုံဘုရားပွဲကား သိပ္ပံမောင်ဝတို့ခေတ်ကလောက် မစည်ကားတော့ပါ။ ကျိုးတိုးကျဲတဲသာ စည်ပါတော့သည်။

ကျွန်တော်သည် စလင်းမြို့နေ ကျွန်တော့် တပည့်တစ်ဦးက သူ့သမီး မင်္ဂလာလက်ထပ်ပွဲတွင် မင်္ဂလာစကားပြောပေးပါရန် မေတ္တာရပ်သဖြင့် (၂၄-၅-၂၀၁၁) ရက်နေ့က စလင်းသို့ ရောက်ခဲ့ပါသည်။ ထိုအချိန်က စလင်းကုသိနာရုံ ဘုရားပွဲကျင်းပနေချိန်ဖြစ်ပါသည်။ ကျွန်တော်သည် ဦးစန္ဒိမာ (စလင်း)၏ 'ညောင်နှစ်ပင်ကျောင်း'တွင် တည်း၍ ဦးစန္ဒိမာ (စလင်း)နှင့်အတူ ဘုရားပွဲ ရှုခင်းကို ကြည့်ခဲ့ပါသည်။ ထိုသို့ ကြည့်ရင်း ကျွန်တော်က ဦးစန္ဒိမာ (စလင်း)အား 'ဘုရားပွဲက ဟိုတုန်းကလို စည်သေးရဲ့လား' ဟု မေးပါသည်။ ထိုအခါ ဦးစန္ဒိမာ (စလင်း)က 'ဟိုတုန်းက

mgyoe.com

mgyoe.com


လောက်တော့ မစည်တော့ဘူး။ ဟိုတုန်းကတော့ ကျေးလက်က လူတွေက ဒီပွဲတော်ကို အားခဲထားကြတာ။ ဝယ်စရာရှိရင်လည်း ဒီပွဲတော်ကျမှ ဝယ်မယ်။ ကြည့်စရာရှိရင်လည်း ဒီပွဲတော်ကျမှ ကြည့်မယ်လို့ အားခဲပြီး စောင့်ခဲ့ကြတာ။ အခုတော့ အဲဒီလိုမဟုတ်တော့ဘူး။ ကျေးလက်က လူတွေက မြို့ကို အရောက်အပေါက်များပြီး မြို့နဲ့အထိအတွေ့များလာတယ်။ ပွဲတော်ကို ဟိုတုန်းကလို အရေးမထားကြတော့ဘူး။ ဆရာသိပါတယ်။ ကိုယ့်ဒေသကထွက်တဲ့ ငရုတ်တို့၊ ကြက်သွန်တို့ကိုတောင် ကိုယ့်ဒေသက ပွဲရုံတွေမှာ မရောင်းကြတော့ဘဲ ပြည်တို့ ရန်ကုန်တို့အထိသွားပြီး ရောင်းနေကြတာ။ ဒါ့ကြောင့်မို့ ဘုရားပွဲက ဟိုတုန်းကလောက် မစည်တော့ဘူး။ ဒါပေမဲ့ လာနေကျ ၁၂ ပွဲဈေးသည်တွေကတော့ ရောက်အောင်လာကြပါတယ်။ သူတို့လာလို့လည်း ပွဲတော်ဖြစ်နေတာ" ဟု ပြောပါသည်။

ဦးစန္ဒိမာ (စလင်း)သည် ၁၂ ပွဲ ဈေးသည်များ၏ ဘဝကို စာနာပုံရပါသည်။ ဆောင်းပါး၂၆ ပုဒ်တွင် ၁၂ ပွဲဈေးသည်အကြောင်း သီးသန့်ရေးထားသော ဆောင်းပါးတစ်ပုဒ်ပါပါသည်။ "၁၂ ပွဲဈေး (သို့မဟုတ်) ခေတ်ပြိုင် တမန်တော်"ဟု အမည်ပေးထားပါသည်။

ထိုဆောင်းပါး၌ ဦးစန္ဒိမာ (စလင်း)သည် ၁၂ ရာသီပွဲများကို တပို့တွဲလမှစ၍ ဖော်ပြထားပါသည်။ ဦးစန္ဒိမာ (စလင်း) ဖော်ပြပါမှ မြန်မာနိုင်ငံ၌ ကျင်းပသော ဘုရားပွဲများသည် ၁၂ ပွဲမကရှိကြောင်း သိရပါတော့သည်။ ထိုဆောင်းပါးကို ဖတ်ကြည့်လျှင် မည်သည့်လတွင် မည်သည့်မြို့၊မည်သည့်ရွာ၌ မည်သည့်ဘုရားပွဲကျင်းပကြောင်း သိရမည်ဖြစ်ပါသည်။ ထို့ကြောင့် ထိုဆောင်းပါးသည် ၁၂ပွဲဈေးလမ်းညွှန်ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

(၆)

ကျေးလက်များသည် မြို့နှင့် အဆက်အဆံ အထိအတွေ့များသဖြင့် ဘုရားပွဲများ ရှေးကလို မစည်တော့ကြောင်း အထက်၌ ဆိုခဲ့ပါပြီ။ စင်စစ်အားဖြင့် ဘုရားပွဲများ ရှေးကလို မစည်ကားရခြင်းတွင် နာမည်ကြီးဇာတ်ပွဲကြီးရောက်မလာနိုင်ခြင်းသည်လည်း အကြောင်းတစ်ရပ်အဖြစ်ပါဝင်ပါသည်။ ဘုရားပွဲများသည် ပွဲတော်အစတွင် ချောက်ချီးချောက်ချက်

mgyoe.com

mgyoe.com


ဖြစ်နေသော်လည်း ဓာတ်ကြီးများဝင်လာသောအခါ ဘုရားပွဲသည် ကြိတ်ကြိတ်တိုးစည်ကားလာပါသည်။ ဓာတ်မင်းသားကြီး မင်္ဂလာဦးအောင်မောင်း ခေတ်ကောင်းစဉ်က "အောင်မောင်းရောက်မှ ပွဲတော်စသည်" ဟူသော ဆိုရိုးစကားပင်ရှိခဲ့ပါသည်။

ဓာတ်ကြီးရောက်မလာသော်လည်း ဒေသခံတို့သည် ဘုရားပွဲကိုတော့ မဖြစ်မနေ ကျင်းပကြပါသည်။ တကယ်ဆိုတော့ ဘုရားပွဲသည် မြန်မာ့ယဉ်ကျေးမှုတစ်ရပ်ဖြစ်ပါသည်။

ဦးစန္ဒိမာ (စလင်း)သည် မြန်မာ့ယဉ်ကျေးမှုဖြစ်သော ဘုရားပွဲတော်များ တိမ်ကောပျောက်ကွယ်သွားမည်ကို စိုးရိမ်ပုံရပါသည်။ ထို့ကြောင့် ဦးစန္ဒိမာ (စလင်း)သည် ဘုရားပွဲများသို့ ရောက်အောင်သွား၍ ထိုဘုရားပွဲများအကြောင်းကို ကြိုးစားပမ်းစား မှတ်တမ်းတင်ခဲ့ပါသည်။ မှတ်တမ်းတင်ရာ၌လည်း သုတသက်သက် မှတ်တမ်းတင်သည်မဟုတ်ဘဲ ရသနှော၍ မှတ်တမ်းတင်ထားသဖြင့် စာဖတ်သူတို့သည် ဦးစန္ဒိမာ(စလင်း) ခေါ်ရာနောက်သို့ စိတ်ဝင်တစားလိုက်ပါသွားကြလိမ့်မည်ဟု ထင်မိပါသည်။ ထိုသို့လိုက်ပါသွားကြသဖြင့် ဘုရားပွဲများ၏ လွမ်းမောဖွယ်ကောင်းပုံကို သတိပြုမိကြပြီး ထိုဘုရားပွဲများ တိမ်ကောပပျောက်ခြင်း မရှိရလေအောင် ထိန်းသိမ်းစောင့်ရှောက်လိုစိတ်များ တဖွားဖွားဖြစ်ပေါ်လာလိမ့်မည်ဟု ထင်မိပါသည်။

ဦးစန္ဒိမာ (စလင်း)၏ ကျေးဇူးကား ကြီးမားလေစွ။

ဦးစန္ဒိမာ (စလင်း) ခရီးများများသွားနိုင်ပါစေ။ စာများများရေးနိုင်ပါစေဟု ဆန္ဒပြုလိုက်ပါသည်။

မြဝင်း (ဒဿန)
၁၈–၈–၂၀၁၃

ဦးမြဝင်း
ပါမောက္ခချုပ် (ငြိမ်း)
အမှတ် (၂၀)၊ ကိုသောင်းတိုးချဲ့.
ပြည်သာယာရပ်၊ ပြည်မြို့။

mgyoe.com

mgyoe.com

# မန်းသုံးတန်ဦးခိုက်ဖူးထိုက်တဲ့ ရွှေစက်တော်

မန်းရွှေစက်တော်မှာ မန်းချောင်းရေချိုးရတာ အခွင့်အရေးတစ်ခုပါ။ သိပ် အရသာရှိတယ်။ အေးမြကြည်လင်ပြီး ပန်းသမ္ဗူတွေ လန်းစေတယ်လေ။ မန်းချောင်းရေ ကြည်လိုက်ပုံကလည်း ချောင်းထဲက ကျောက်ခဲတွေ၊ ငါးလေးတွေ အထင်းသား မြင်နေရရဲ့။

ဒါတွေကြောင့် စိတ်ကိုကြည်လင် လန်းဆန်းစေတာဖြစ်တယ်။

ရွှေစက်တော်သမိုင်းမှာ မန်းချောင်းရဲ့ အဓိပ္ပာယ်ဒီလို ဖွင့်ဆိုထား ပါတယ်။

"ရောက်ရှိလာသူ များရှင်လူတို့
ကြည်ဖြူစိတ်ဓာတ်၊ မွန်မြတ်သန့်စင်စေလို့
မန်းလို့ခေါ်တယ်"

နမ္မဒါကျတော့ –

"အေးမြကြည်လင်၊ ဖြူသန့်စင်လျက်
ကြည်လင်မေတ္တာ၊ မင်္ဂလာအဖြာဖြာကို
ဆောင်ယူပေးတယ်လို့ နမ္မဒါလို့ ခေါ်တွင်ပါတယ်။"

နမ္မဒါကို ဟိုရှေးအခါတုန်းက မြစ်လို့ခေါ်တွင်ပါတယ်။ နမ္မဒါနဲ့

mgyoe.com

mgyoe.com

မန်းချောင်းဟာ အတူတူပါပဲ။ နှစ်မျိုးလုံး ခေါ်ဝေါ်လို့လည်းကောင်းတယ်။ အဓိပ္ပာယ်ကလည်း ထိထိမိမိ လှလှပပရှိပါတယ်။ မန်းချောင်းရေဟာ သိပ် ကိုချိုပါတယ်။ ဒါကြောင့် မန်းချောင်းထဲက ငါးတွေချိုပြီး အရသာရှိတာပါ။ မန်းချောင်းရေကို သောက်သုံးရတဲ့ သစ်သီးသစ်ပင်တွေဟာလည်း ဆိမ့်ချို မွှေးတဲ့ အရသာရှိပါတယ်။ စကုမြို့ဆိုတာ မန်းချောင်းနဲ့ ၂၁ မိုင်ပဲ ဝေးပါ တယ်။ စီးဆင်းမှုကလည်း မြို့မြောက်ဘက် နီးကပ်လျက်ရှိပါတယ်။ မန်းချောင်းရေသောက် စကုဗြတ်ဆန်ဆိုတာ ရှေးဘုရင်တွေ မြတ်မြတ်နိုး နိုး စားသုံးခဲ့၊ တကူးတကန့် မှာယူသိမ်းခဲ့တာပါ။ သိပ်နာမည်ကြီး ထင်ပေါ် ခဲ့တယ်။ စပါးထဲ ဆန်ထဲမှာ အဆင့်မြင့် ဈေးမြင့်ပေါ့။ စာရေးသူတို့ ကလေး ဘဝက စကုဗြတ်ဆန် မီလိုက်သေးတယ်။ ခုခေတ် ပေါ်ဆန်းမွှေးထက် အရသာရှိတယ်၊ မွှေးတယ်၊ နူးညံ့တယ်လို့ ထင်တာပဲ။ ခုတော့ စကုဗြတ် ဆန်ဆိုတာ စပါးထွက်နည်းလို့ စပါးပင်သက်ကြီးလို့ ကွယ်ပျောက်ကုန် ပြီလေ။

ဆရာကြီးသခင်ကိုယ်တော်မှိုင်းကတောင် ဆုတောင်းကဗျာ မဟာ လေးချိုးကြီးမှာ –

ကျောင်းတည်ရာ မန်းညာစကုဆိက
ငှင်းသည်တစ်ဝါ ကမ္ဘဋ္ဌာန်းဘာဝနာရှုတဲ့ပြင်
× × × × ×
(အမယ်မင်း) နုနုဖတ်ဖတ်ကနဲ့
အပြုအစုနပ်တဲ့ တစ်ခုလပ် နှစ်ခုလပ်တည်းဟူသော
အရှုန်းအနိပ် အကျွန်းမိတ်တွေက
အတိတ်ပြုပြုပြီးချိတ်ကြ ရိပ်ကြပေမယ့်
(သြော်) နိပ်သမျှတွေမှာ အဘိဓ္ဈနနှင့်
အနိစ္စသင်္ခါရေတကားရယ်လို့
(ကိုယ်မှိုင်းမှာကွယ်) ယခုတစ်ဇာတ်ကစပြီး
ပုပုပြတ်ပြတ်ကလေးတွေကဖြင့်
(သြော်) စကုဗြတ်ဆွမ်းတစ်သပိတ်လောက်ကမျှ
စိတ်က ခင်မင်ပါစေသော။

mgyoe.com

mgyoe.com


လို့ ဖွဲ့ဆိုထားတာ တွေ့ရပါတယ်။

မန်းချောင်းဆိုတာ အဝိဉာဏက သက်မဲ့ပင်ဖြစ်သော်ငြား စက်တော်ရာ(ခြေတော်ရာ) နှစ်ဆူကို သုံးကြိမ်ဦးခိုက်လို့ အလိုလို တန်ဖိုး မြင့်တက်သွားတာပေါ့။ ဒါကြောင့် ကြည်လင် မေတ္တာ အဖြာဖြာကို ဆောင် ယူပေးတာ ဖြစ်ပါလိမ့်မယ်။ ဒါကြောင့် "မန်းသုံးတန်ဦးခိုက်ဖူးထိုက်တဲ့ စေတီ" ရယ်လို့ ရွှေစက်တော်ရဲ့ ထူးခြားမှု၊ မန်းချောင်းရဲ့ ဆန်းကြယ်ပုံ ပြောစမှတ် တွင်ရစ်တာပါ။ အနောက်အရပ်က စီးဆင်းလာတဲ့ မန်းချောင်း ရေဟာ ရဟန္တာခြေတော်ရာရဲ့ ရသေ့တောင်ခြေရင်းကပတ်ပြီး မုဆိုးတောင် စေတီကို ဦးတိုက်တဲ့ မန်းဦးအထက်ခြေတော်ရာကို ဦးတိုက်ခြင်းဟာ ပထမ ဦးခိုက်တယ်လို့ ခေါ်ပါတယ်။

ကွေ့ကောက်လာတဲ့ မန်းချောင်းဟာ မန်းသောင်ပြင်ကို ကျော် ဖြတ်စီးဆင်းလျက် မန်းသောင်ပြင်ကနေ အထက်ခြေတော်ရာနဲ့ အောက်ခြေ တော်ရာကို ဦးခိုက်ပြန်ပါတယ်။ ဒါဒုတိယ ဦးတိုက်ခြင်းဖြစ်သလို ခြေတော် ရာ နှစ်ဆူကြားကနေ တောင်ကြားထဲကို တိုးဝင်သွားပြီး လှေတင်ကနေ ပြန်ဆင်းလာရင်း ထုံးဘိုဒေသက ခြေတော်ရာနှစ်ဆူကို ဦးတိုက်တာဟာ တတိယအကြိမ် ဦးခိုက်ခြင်း ဖြစ်ပါတယ်။ ဒီနေရာသုံးခုကို အထက်စက် တော်ရာက လှမ်းကြည့်ရင် အထင်းသား မြင်တွေ့နိုင်ပါတယ်။ ကွေ့ကွေ့ ဝိုက်ဝိုက် ပိုက်ပိုက်ထွေးထွေး အနီးအဝေးမှ မန်းချောင်းရဲ့ ဦးသုံးကြိမ်တိုက်ပုံ ရှုမြင်ကွင်းကလည်း ကြည့်မဝ ရှုမငြီးနိုင်အောင်ဆွဲငင်အားကောင်းလှပါ တယ်။

မန်းရွှေစက်တော်ရဲ့ ထူးခြားမှုတွေဟာ စေတီပုထိုး တန်ဆောင်း တွေ တင့်တယ်သပ္ပာယ်မှု၊ တောအလှ၊ တောင်အလှ၊ ချောင်းအလှ၊ သဘာဝ ရေ မြေ၊ သစ်ပင် ပတ်ဝန်းကျင် ကျေးငှက် တိရစ္ဆာန်အလှတွေနဲ့ ပြည့်နှက်လို့ နေပါတယ်။

ဒီအလှတွေကို ခံစားချင်လို့ ရောက်ဖူးပြီးသားလူတွေကလည်း ထပ်မံလာရောက်ချင်၊မရောက်ဘူးသေးတဲ့ လူတွေကလည်း တစ်ဆင့်စကား နဲ့ လာရောက်ချင်ကြတာ ဖြစ်ပါတယ်။ ရောက်သခိုက် ဒီလိုထူးခြားမှုတွေကို ခံစားစေချင်ပါတယ်။ ရွှေစက်တော်ရောက်ခဲ့ရင် နမေနကေ နမော်နမဲ့မနေဘဲ

mgyoe.com

mgyoe.com


အဲဒါလေးတွေ လေ့လာစေချင်ပါတယ်။

ဒီလိုထူးခြားမှုတွေ သိမှလည်း ခရီးသွားရကျိုး၊ ငွေကုန်ရကျိုး နပ်ပါလိမ့်မယ်။'

နောက်တစ်ခု မန်းချောင်းရေရဲ့ ထူးခြားမှုက ပူပူအိုက်အိုက်နဲ့ မန်းချောင်းထဲ ရေဘယ်နှစ်ကြိမ် ဆင်းချိုးချိုး ဖျားတယ်၊ နေမကောင်းတယ်၊ အပူရှပ်တယ်ဆိုတာမျိုး မဖြစ်တာဘဲ။ အကြောင်းအပေါင်းသင့်လိုက်ပုံများ တချို့ဘုရားပွဲတွေမှာ ရေရှားတာ၊ ရေဈေးကြီးတာတွေကြောင့် အကုန်အကျ များတတ်ပေမယ့် ရွှေစက်တော်မှာကတော့ သဘာဝတရားရဲ့ မျက်နှာသာ ပေးမှုရယ်ကြောင့် ချိုးရေဖိုး၊ သောက်ရေဖိုးမကုန်ဘဲ သဘောရှိ ကရောဟိ ဆိုတဲ့ အထဲကပါပဲ။ ပွဲတော်ရက်က သုံးလတောင်ခင်းတာပါ။ နှစ်စဉ် တပို့တွဲလဆန်း (၅) ရက်ကနေ နှစ်ဆန်း (၂) ရက်တိုင်အောင်ပေါ့။ မြန်မာ ပြည်မှာ ပွဲလမ်းသဘင် ပျော်ပွဲ ရွှင်ပွဲမရှိဘဲနဲ့ ထူးထူးခြားခြား ရက်ရှည် စည်ကားတာ ကျိုက်ထီးရိုးဘုရားပွဲနဲ့ ရွှေစက်တော်ဘုရားပွဲသာ ရှိတာပါ။ အံ့သြစရာပါပဲ။

ရွှေစက်တော်ဘုရားပွဲဟာ တပို့တွဲလမှ စတင်ဖွင့်လှစ်တာဆိုတော့ မပူလွန်း၊ မအေးလွန်း ခရီးသွားလို့ အကောင်းဆုံး အချိန်ပေါ့။ လူစည် ကားတာလည်း မပြောနဲ့ မူလတန်းမှ (၉) တန်းအထိ ကျောင်းသူ၊ ကျောင်း သား စာမေးပွဲ ပြီးချိန်နဲ့လည်း တိုက်ဆိုင်ရဲ့။ ဆယ်တန်းကျောင်းသား ကျောင်းသူတွေ စာမေးပွဲကြီးပြီးချိန်နဲ့လည်း မီရဲ့။

ဒီတော့ ရွှေစက်တော် ဘုရားပွဲချိန်ဟာ ဆောင်းအရသာရော နွေအရသာရော ခံစားရပြီပေါ့။ နွေအခါ ပူပူအိုက်အိုက်နဲ့ ပိုက်ဆံမကုန်ဘဲ မန်းရေချိုးတာကိုက အခွင့်အရေးတစ်ခုပေပေါ့။ စားရေးအတွက်ကလည်း စားသောက်ဆိုင်ကြီးတွေ၊ မုန့်ဟင်းခါး၊ ကြာဆံ၊ ခေါက်ဆွဲ၊ ရှောက်သီးသုပ်၊ တို့ဟူးသုပ် ဆိုင်တွေကလည်း စီလို့၊ ဆိုင်းထမ်းနဲ့သယ်ရောင်းတဲ့ လက်သုပ် သည်တွေကလည်း နေရာတကာမှာ ရှိနေတာဆိုတော့ ဆီ ဆား အစုံနဲ့ ဖြေစားရုံပဲလေ။အကြော်စုံ၊ကောက်ညှင်းပေါင်း၊ အသားကြော်ဆိုတာလည်း တဲကျောင်းရှေ့လာရောင်းသူထံ အသာဝယ်စားရုံနဲ့ ကိစ္စပြီးသကိုး။ အအေး မျိုးစုံ သရေစာမျိုးစုံကို အထက်စက်တော်ရာမှာလည်း ပေါမှပေါပါပဲ။

mgyoe.com

နေရာကျလိုက်ပုံများ ပြောပါတယ်။

ရွှေစက်တော်မှာ သိစရာတွေ ထူးခြားမှုတွေက အများကြီးပဲ၊ တချို့က မေးတတ်ကြသေးတယ်။ ဘုရားခြေထောက်ရာ ချတော်မူတာ ဘယ်ဘက်လား၊ ညာဘက်လားတဲ့။ ဒါလည်းမေးသင့်မေးထိုက်တဲ့ မေးခွန်း ဖြစ်သလို၊ သိသင့်ထိုက်တဲ့ အဖြေဖြစ်ပါတယ်။

ခြေတော်ရာ နှစ်ဆူလုံး ဘယ်ဘက်ခြေတော်ရာချည်းဖြစ်ပါတယ်။ ဒါကြောင့် "ဇမ္ဗူမှာ ဒွေ၊ ရာမှာ ဧ"လို့ ပြောစမတ် ရာဇဝင်တွင်ခြင်းဖြစ်ပါ တယ်။ အထက်ခြေတော်ရာက သစ္စဗန္ဓရသေ့တောင်းပန်လို့ အောက်ခြေ တော်ရာက နမ္မဒါ နဂါးမင်းတောင်းပန်လို့ ချတော်မူခဲ့တာဖြစ်ပါတယ်။ ပွင့်ဖြူကျောင်းတော်ရာ ဘုရား၊ မင်းဘူးစက္ကိန်းတဲဘုရား၊ မကွေးမြသလွန် ဘုရား၊ အဓိကရ နေရာတွေဟာ ရွှေစက်တော်နဲ့ ဆက်စပ်နေပါတယ်။ အဠကထာကတော့ မူတစ်မျိုးဖွင့်ဆိုပါတယ်။

သမိုင်းဆိုတာကတော့ ငြင်းမယ်ဆိုရင် ငြင်းစရာတွေရှိနေမယ် ထင်ပါတယ်။ သုတေသနဆိုတာ လက်ကုန်နှိုက်ရင် အကောင်းဆုံးပါပဲ။ ရွှေစက်တော်က ခြေတော်ရာနှစ်ဆူကို ဒုတ္တဘောင်မင်းကလည်း လာရောက် ဖူးမြော်ခဲ့တယ်။ အင်းဝ ဘုရင်ဒုတိယမင်းခေါင် လက်ထက်မှာတော့ ရှင်မဟာရဋ္ဌသာရ စာဆိုတော်အရှင် လာရောက်ဖူးမြော်ရာက "ရွှေစက်တော် သွားတောလား"ကို ရေးသားပူဇော်ထုတ်ဖော်ခဲ့လို့ ပိုပြီး လူသိများလာပါ တယ်။ သိုလ်ဟန်ဘွား လက်ထက်ကစပြီး နှစ်ပေါင်း ၁၂၇ နှစ် မင်းပေါင်း (၉)ဆက်တိုင်တိုင်၊ စက်တော်ရာနှစ်ဆူ ချုံနွယ်တွေဖုံးပြီး တိမ်မြုပ်ပျောက် ကွယ်ခဲ့တယ်။ ၉၉၆ ခုနှစ် သာလွန်မင်း လက်ထက်ရောက်တော့ စလင်း သား တောင်ဖီလာ ဆရာတော်က အဋ္ဌကထာကျမ်းများမှာ တွေ့ရှိချက်အရ အနန္တဓဇဆရာတော်၊ အရိယာလင်္ကာရဆရာတော်၊ တိလောကလင်္ကာရ ဆရာတော် အပါအဝင် နောက်ပါရဟန်း သံဃာ ၁၂ ပါးနဲ့ ရွှေစက်တော်က ခြေတော်ရာနှစ်ဆူကို ရှာဖွေပူဇော်နိုင်ခဲ့ပါတယ်။ ဘုရားဆုပန် တောင်ဖီလာ ဆရာတော်ဟာ ခြေတော်ရာကို နှစ်ထပ်သင်္ကန်းကြီးနဲ့ လွှမ်းအုပ်ပူဇော်ကာ ဘုရားဖြစ်မည် ဧကန်မုန်ပါက ထူးခြားတဲ့ နိမိတ်ပြပါရန် အဓိဋ္ဌာန်တဲ့အခါ သင်္ကန်းကြီးက ကြိုးကြာရုပ်သဏ္ဍာန် ကုန်းထလာပါသတဲ့၊ ကြိုးတော့

mgyoe.com

mgyoe.com


ကြိုးစား ကြာမယ်ဆိုတဲ့ သဘောပေါ့။

တောင်ဖီလာဆရာတော်ရဲ့ ကျေးဇူးကြောင့် ယခုခေတ်လူငယ်တွေ ခုလို လွယ်လင့်တကူ ခြေတော်ရာနှစ်ဆူကို ဖူးတွေ့နိုင်တာပါ။ ဒီနောက် ဘုရားတန်ဆောင်းတွေ ပြုပြင်တည်ဆောက်ခဲ့တဲ့ ရသေ့ကြီး ဦးခန္တီနဲ့ နယ်ခံ ကမကထပြုသူ ဆရာတော်များ၊အကျိုးဆောင် လူပုဂ္ဂိုလ်များရဲ့ ကျေးဇူးတွေ လည်းပါပေသပေါ့။ မိုးတွင်းအခါ ရေတွေဘယ်လောက် ပေါင်းလန်အောင် တက်တက် အောက်ခြေ စက်တော်ရာကိုတော့ ရေမရောက်ပါဘူးတဲ့။ အထက်စက်တော်ရာ တက်တဲ့ လှေကားထစ်ပေါင်းကလည်း ၅၂၈ ထစ်ရှိပါ တယ်။ ၅၂၈ သွယ်မေတ္တာကို သင်္ကေတပြုထားပုံက ရင်ကို အေးမြစေသလို မှတ်သားလို့လည်း လွယ်ကူပါတယ်။ မန်သုံးတန် ဦးခိုက်ဖူးထိုက်တဲ့ ရွှေစက်တော်ကတော့ ရောက်လာသူအပေါင်းကို ဘေးမခဘဲ အေးမြ ကြည်လင်စေတာ ရောက်ဖူးသူတိုင်း သိရှိပြီးသား ဖြစ်ပါတယ်။ ရွှေစက် တော်ဒေသဟာ စာရေးသူတို့ နေထိုင်ရာနှင့် တိုင်းတစ်ခုရိုင်တူအတွင်း ဖြစ် တာမို့ အထူးဂုဏ်ယူကျေနပ်နေမိတာအမှန်ပါ။ နောက်တစ်ကြောင်းက လည်း ရှိနေပါသေးတယ်။

ဒေသတစ်ခုသည် "ရွာ" ဖြစ်ချင်ဖြစ်မည်။"တော" ဖြစ်ချင်ဖြစ်မည်။

"ချိုင့်ဝှမ်း" ဖြစ်ချင်ဖြစ်မည်။ "ကြည်းကုန်း" ဖြစ်ချင်ဖြစ်မည်။

သို့ရာတွင် မည်သို့ပင်ဖြစ်စေ သူတော်စင်များနေထိုင်ရာဖြစ်ရိုးမှန်ပါက ထိုနေရာ ထိုဒေသသည် ကမ္ဘာမြေအပြင်တွင် မွေ့လျော်ဖွယ်အကောင်းဆုံး ဖြစ်၏။ (ဓမ္မပဒဂါထာ ၉၈) လို့ဆိုတဲ့အတိုင်း ဘုရားကျောင်းကန်၊ ရဟန်း သံဃာတော်များတည်ရှိတဲ့ ရွှေစက်တော်ဒေသဟာ မွေ့လျော်ဖွယ်အကောင်း ဆုံးနေရာများထဲက တစ်ခုသောနေရာဒေသဖြစ်လို့ပါပဲ။

ဂမ္ဘီရမဂ္ဂဇင်း ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီ

❐

mgyoe.com

mgyoe.com

# သုနာပရန္တထဲက ကျောင်းတော်ရာ

## စိတ်စေတသိတ် အတိတ်ခြေရာ

သံဃာတော်အရှင်မြတ်များ ဝါဆိုဝါကပ်တော်မူတဲ့နေ့ကစလို့ ကျောင်းတော်ရာဘုရားကို ဘုရားဖူး ငါးကျွေးဖို့ ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ မော်လမြိုင်အထိ ရပ်ဝေးက လာလိုက်ကြတဲ့ ဘုရားဖူး ငါးကျွေးတွေ ဆိုတာကားကြီး၊ ကားငယ်အသွယ်သွယ်နဲ့ ဘယ်နည်းလို့တုံး။ ကုန်းလမ်းတင်မက ရေလမ်းကပါ လာကြတာလေ။ အဲသလို ရပ်ဝေးကတောင် တခုတ်တရ သွားကြလာကြသေးတာ (၂၇) မိုင်လောက်သာ ဝေးတဲ့ နေ့ချင်းပြန်လို့နီးတဲ့ ကျုပ်တို့ စလင်းမြို့နယ်တစ်ဝိုက်က လူတွေဆိုရင် ဝါဆိုလဆန်းရုံနဲ့ကို တလှုပ်လှုပ်တရွရွနဲ့ ဟန်ပြင်နေကြပြီ၊ ရင်ခုန်နေကြပြီ။ ဘယ်ကားငှားမယ်၊ ဘယ်လိုအဝတ်အစားဝတ်မယ်။ ဘယ်လိုချက်ပြုတ်၊ သုပ်ကြော်ယူမယ်နဲ့ပေါ့။ အလုပ်ကိုများနေတော့တာကလား။ ဒါက ဘယ်တော့မှ မရိုးနိုင်တဲ့ သံစဉ် ဘယ်တော့မှ ငြီးငွေ့မှာမဟုတ်တဲ့ ထွက်ပေါက်တစ်ခု ပေကိုး။ လူငယ်တွေဆိုတော့ ဘုရားဖူးငါးကျွေးရတဲ့ ကုသိုလ်ကိုအကြောင်းပြုပြီး ပျော်ချင်ပါးချင်တာလည်းပါသပေါ့။ သိပ်မဝေးလှတဲ့ ကျောင်းတော်ရာ ခရီးကို တချို့ရွာတွေက လှည်းတွေ တစ်သီတစ်တန်းကြီးနဲ့ သွားကြတုန်း၊ သီချင်းတကြော်ကြော် စကားတပြောပြော လှည်းသံတညံညံနဲ့ သိပ်ပျော်

mgyoe.com

mgyoe.com


စရာကောင်းတာရယ်။ တချို့ လူငယ်လူရွယ်တွေကတော့ စက်ဘီးနဲ့တောင် အုပ်စုဖွဲ့သွားကြတာ အံ့သြစရာပါပဲ။ ကျုပ်တော့ ကျောင်းတော်ရာ ဘုရားဖူး ငါးကျွေးသွားကြတဲ့ အကြောင်းများ ပြောရလို့ကတော့ ရိုးတယ်လို့ကို မရှိဘူး။ အခုပြော အခု လွမ်းတုန်း၊ မျက်စိထဲမြင်ယောင်နေတုန်း၊ တိုက်ဆိုင်မှုရှိလို့ ပြောကြပြီဟေ့ဆိုရင်လည်း ပြောလို့ကို ကုန်နိုင်တယ်မရှိဘူး။ ကျောင်းတော်ရာပုံရိပ်တွေက ကူးစက် ခိုင်မြဲနေတာလည်း မပြောနဲ့။ ကျုပ်လူမှန်းမသိတသိ အရွယ်ကတည်းကကို ဒီရနံ့တွေ ဒီပုံပြင်တွေ ဒီအရိပ်တွေ လက်ပွန်းတတီးရှိခဲ့တာကိုး။ အမေတို့များ ကျောင်းတော်ရာသွားဖို့ ရက်သေချာပြီဆိုတာနဲ့ မန်ကျည်းသီးစိမ်း မနုမရင့်လေးတွေကို ထောင်းထည့်ပြီး ပုစွန်ခြောက်၊ ကြက်သွန်ဖြူ၊ ငရုတ်သီးစိမ်းနဲ့ ကြော်ထားလိုက်တာများ မွှေးလို့ ကြိုင်လို့။ အမဲသားတုံးကြီးတွေ ပြုတ်ကြော်လုပ်ထားလိုက်တာဆိုတာ မွလို့အိလို့။ ဟိုရောက်တော့ ဘုရားကြီး ဆွမ်းတော်ကပ်ပြီးတာနဲ့ မုန်းချောင်းထဲက ငါးကြီးတွေကို အစာကျွေးရတာကိုက ပျော်စရာကြီး။ ကျောင်းတော်ရာမှာ ချိုအီမွှေးနေတဲ့ သရက်တော မင်းဖဲမုန့်လုံးကြီးတွေ ဝယ်စားကြတာ၊ ဝက်မြေဥတွေ၊ ဖွေးသီးတွေ ဝယ်စားကြတာ၊ အိုးပုတ်ချိုးရုပ်တွေ ဝယ်ပေးဖို့ မိဘတွေကို ပူဆာရတာ၊ သူ့ဟင်း ကိုယ့်ဟင်းစာရင်း ထမင်းလက်ဆုံ စားကြရတာတွေကို မေ့လို့မရပါဘူး။ ခုပြောခုအသစ်ဖြစ်လို့သာ နေတော့တယ်။ မလွမ်းခံနိုင်ရိုးလားလေ။ လူတိုင်း လူတိုင်းမှာ ရပ်ဓလေ့ရွာဓလေ့ဆိုတဲ့ အစွဲက ရှိကြမြဲ မဟုတ်လား။ မြန်မာပြည်က ဘုရားတွေထဲမှာ ရွှေစာရံဘုရားကဆည်းလည်း အပေါဆုံး ကျောင်းတော်ရာဘုရားက ဇရပ်အပေါများဆုံးပါ။ ပေါများ လိုက်ပုံက သွပ်မိုး ပျဉ်ခင်းချည်း ဇရပ်ပေါင်း ၃၆ ဆောင်ရှိပါတယ်။ ရှေးယခင် ဟိုတုန်းကဆိုရင် ဇရပ် အဆောင်ပေါင်း တစ်ရာကျော်တောင် ရှိခဲ့တာပါတဲ့။ ဒီတော့ ခရီးသွား ဘုရားဖူး ငါးကျွေးတဲ့သူအတွက် တည်းခိုစရာလည်း မပူရတော့ဘူးပေါ့။ မြန်မာပြည်က (၁၂) လ ရာသီ ပွဲတော်တွေ ထဲမှာ ကျိုက်ထီးရိုး ဘုရားပြီးရင် ရွှေစက်တော် ဘုရားပွဲနဲ့ ကျောင်းတော်ရာ ဘုရားပွဲက လအကြာဆုံးလေ (၃) လတောင် ကျင်းပတာပါ။ ကျောင်းတော်ရာ ဘုရားပွဲက ပွဲနှင့် လမ်းနှင့် တပေါင်းတန်ခူးမှာ ဘုရားပွဲကျင်းပသေးတာကလား။

mgyoe.com

mgyoe.com


## သင်းပျံ့ရစ်ဝိုင်း သမိုင်းခြေရာ

အနှစ်ရော အနံ့ပါ ပြည့်စုံတဲ့ (ဂန္ဓသာရ) ကျောင်းတော်ရာဆိုတာ (သုနာပရန္တတိုင်း) ယခု မကွေးတိုင်း၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ် လယ်ကိုင်းမြို့နဲ့ (၄) မိုင်သာကွာဝေးတဲ့ ဟိုတုန်းက ဝါဏိဇ္ဇဂါမ (ကုန်သည်ရွာ) ယခုသစ်တော်ရွာအနီးမှာ တည်ရှိပါတယ်။ ပွင့်ဖြူမြို့နယ် ဝန်းကျင်မှာပါ။

(၁) မြို့စဖိုရွာ ကုက္ကုဋ္ဌာရုံစေတီနေရာ ပွင့်ဖြူမြို့ရဲ့ အနောက်အရပ်မှာ ကကုသာန်ဘုရား (၇) ရက်သီတင်းသုံးတယ်။

(၂) ပွင့်ဖြူမြို့ရဲ့ အရှေ့မြောက်က ရွာခိုင်ရွာ မဟာဂေါသိတာရုံ စေတီတော်နေရာမှာ ကောဏာဂုံဘုရား (၇) ရက် သီတင်းသုံးတယ်။

(၃) ပွင့်ဖြူမြို့ရဲ့ တောင်မျက်နှာ ရွှေပန်းမြိုင် စေတီတော်နေရာမှာ ကဿပဘုရား (၇) ရက် သီတင်းသုံးတယ်။

(၄) ပွင့်ဖြူမြို့ရဲ့ အရှေ့တောင်သစ်တော်ရွာ ကျောင်းတော်ရာ သေလာမယစေတီနေရာမှာ ဂေါတမဘုရား (၇) ရက် သီတင်းသုံးတယ်။

လို့ မှတ်သားရဖူးပါတယ်။ ယခု ကျောင်းတော်ရာကတော့ မဟာပုဏ္ဏ၊ စူဠပုဏ္ဏကုန်သည်သူကြွယ်ညီနောင်နဲ့ လှည်းသားငါးရာတို့က စခဲ့တာပါ။ ဒီညီနောင်နှစ်ဦးဟာ သုပ္ပါဒက သဘော်ဆိပ်အနီးက ဝါဏိဇ္ဇဂါမ (သစ်တော်ရွာ) သားတွေပေါ့။ မဟာပုဏ္ဏနဲ့ စူဠပုဏ္ဏတို့လှည်းသား ငါးရာကို ဦးဆောင်ပြီး ရခိုင်ရိုးမဘက်ကနေ အိန္ဒိယကို အရောင်းအဝယ်သွားကြတယ်။ ဟိုရောက်တော့ လူစုလူဝေးမြင်လို့ ထူးဆန်းရင် စူးစမ်းတတ်တဲ့ လူ့သဘာဝအတိုင်း မဟာပုဏ္ဏတို့အဖွဲ့ စူးစမ်းလိုက်တဲ့အခါ သက်တော် (၅၆)နှစ်၊ ဝါတော် (၂၁) ဝါရှိပြီဖြစ်တဲ့ ရှင်တော်ဂေါတမ မြတ်စွာဘုရား သာဝတ္ထိပြည်ဇေတဝန်ကျောင်းမှာ သီတင်းသုံးနေတော်မူကြောင်း သိရှိပြီး ဘုရားရှင်ကို ဖူးမြော်ကြတယ်။ လှည်းသားငါးရာကို တိုင်ပင်ကာ နောက်နေ့နံနက်မှာပဲ ဘုရားရှင်နဲ့တကွ ရဟန်းသံဃာများကို ဆွမ်းကပ်ကြတယ်။ မြတ်စွာဘုရား တရားနာပြီး မဟာပုဏ္ဏသူကြွယ် ရဟန်းအဖြစ်ခံယူခဲ့ပါတယ်။ ရဟန်းဘဝမှာ ကမ္မဋ္ဌာန်းတရားအားထုတ်ပေမယ့် မဂ်ဖိုလ်မရနိုင်ဖြစ်နေလို့ မြတ်စွာဘုရားထံ ကမ္မဋ္ဌာန်းတရား (အတိုဆုံး)ကိုတောင်းတယ်။ တရားနာပြီး ဝါဏိဇ္ဇဂါမ မိမိအရပ်ပြန်ဖို့လျှောက်တော့ ချစ်သား သုနာပရန္တ

mgyoe.com

mgyoe.com


တိုင်းသားတွေဟာ ကြမ်းတမ်းခက်ထန်သလို အမျက်ဒေါသလည်း ကြီးကြတယ်။ ဆဲရေးခြင်း၊ ဓား၊ တုတ်နဲ့ ပစ်ခတ်ခြင်း၊ သတ်ဖြတ်ခြင်းလုပ်ခဲ့သော် သင့်စိတ်ဘယ်လိုဖြစ်မှာလဲလို့မေးတော့ 'အသက်ကို ငြီးငွေ့ကြတဲ့ တချို့ရဟန်းဟာ ဓား၊ လက်နက်ရှာကြံကာ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ကြရတယ်။ တပည့်တော်မှာတော့ ဓားလက်နက် မရှာရဘဲ ကိုယ့်ကိုယ်ကိုယ်မစီရင်ရဘဲ သူတို့က စီရင်ပေးကြတဲ့အတွက် အခွင့်ကောင်းရတယ်လို့အောက်မေ့ပါတယ် ဘုရားလို့' လျှောက်တဲ့အခါ ခန္တီတရားနဲ့ပြည့်စုံပါပေတယ် ချစ်သားလို့ မဟာပုဏ္ဏကို ဘုရားက ချီးမွမ်းကာခွင့်ပြုတော့မှ မဟာပုဏ္ဏမထေရ်ဟာ သုနာပရန္တတိုင်းကို ပြန်ကြွခဲ့ပါတယ်။ ဝါဏိဇ္ဇဂါမရွာ အပါအဝင် လှည့်လည်ကာ ...

(၁) အဇ္ဇုဟတ္တတောင် (ရေပုတ် အရှာအနီးရွှေမြင်တင်ဌာန)

(၂) သမုဒ္ဒဂိရိ (မင်းဘူး အနောက်မြောက်မန်းရေနံအနီး)

(၃) မာတုလာဂိရိ (သကုဏခေါ် စကုမြို့ထီးကြီးဘုရားဌာန)

(၄) မာတုလကာရာမ (ရေသနုပ်ကုန်း)မှာ သီတင်းသုံးရင်း ဝါတွင်းကာလအချိန်မှာပဲ မဟာပုဏ္ဏမထေရ် အာသဝေါကုန်ခန်း ရဟန္တာဖြစ်ခဲ့ပါတယ်။ ဝါဏိဇ္ဇဂါမရွာကို ဆွမ်းခံကြွတဲ့အခါ ညီစူဠပုဏ္ဏသူကြွယ်က ဆွမ်းကပ်တယ်။ ဒုတိယအကြိမ် အိန္ဒိယကုန်သွယ်ရန် ရေလမ်းခရီးက သွားဖို့နောင်တော် မဟာပုဏ္ဏကို ရေလမ်းခရီးအတွက် စောင့်ရှောက်တော်မူဖို့ လျှောက်တင်ပြီး ခရီးထွက်ခဲ့ကြတယ်။ တောင်သမုဒ္ဒရာအတွင်းက မာလကကျွန်းရောက်တော့ စန္ဒကူးနံ့သာပင်များ တွေ့တဲ့အခါ ခုတ်ကြလှဲကြ ယူဆောင်ကြတော့တာကလား။ ဒီစန္ဒကူးနံ့စ်မှာ လက်လေးသစ်ကို တစ်သိန်းတောင်တန်ပါသတဲ့။ စန္ဒကူးပင်တွေကို ပိုင်ဆိုင်တဲ့ နတ်ဘီလူးတွေဟာသူတို့အပင်တွေ ယူရကောင်းလားလို့ အမျက်ထွက်ပြီး ရေလယ်ရောက်မှကြောက်မက်ဖွယ်ရာတွေ ပြကြတယ်။ လှိုင်းတွေကြီးစေတယ်။ စူဠပုဏ္ဏတို့အဖွဲ့တွေလည်း ကြောက်ရွံ့ထိတ်လန့်စွာနဲ့ သူတို့ကိုးကွယ်တဲ့ နတ်တွေကိုကယ်ပါ ယူပါ တစာစာနဲ့ တောင့်တကြတယ်။ သို့ပေမဲ့ ဘာမှထူးခြားမှုရှိမလာခဲ့ပါဘူး။ စူဠပုဏ္ဏက နောင်တော် မဟာပုဏ္ဏမထေရ်ကို အမိဋ္ဌာန်ပြုတောင့်တလိုက်မှ မဟာပုဏ္ဏမထေရ် ကြွရောက်လာပြီး ဘီလူးတွေရန်က

mgyoe.com

mgyoe.com


ကင်းဝေးခဲ့ပါတော့တယ်။ ဝါဏိဇ္ဇဂါမရွာ ပြန်ရောက်တော့ပါလာတဲ့ စန္ဒကူး နံ့သာသစ်သားတွေကို မဟာပုဏ္ဏရဟန္တာမထေရ်ကို တစ်စုလှူတယ်။ မဟာပုဏ္ဏမထေရ်က မြတ်စွာဘုရားအတွက် ကျောင်းဆောက်ဖို့ တိုက်တွန်းတဲ့အခါ ကုန်သည်များဟာ သူတို့အစုကိုပါ ကျောင်းဆောက်ရန် စေတနာထက်သန်ပြီး ကျောင်းတော်ကြီးကိုဆောက်ကြတယ်။ "သစ်သားအထူး၊ ရနံ့မြူးသော၊ စန္ဒကူးမွှေးထုံ၊ ဂန္ဓာရုံကို၊ ရွှေဘုံဝိဟာ၊ စုလစ်ပါလျက်၊ အဇ္ဈာသတ၊ ဆောင်လှတစ်ရာ ရှစ်ဆောင်သာကို" စသဖြင့် စန္ဒကူးနံ့သာ ကျောင်းတော်ကြီး ကြီးကျယ်ခမ်းနားပုံကို ရှေးစာပဟောင်းမှာ ခုလိုတွေ့ရပါတယ်။ ကျောင်းတော်ကြီး ခမ်းနားလိုက်ပုံက –

(၁) စန္ဒကူးသားများနဲ့ ဆောက်လုပ်ခြင်း
(၂) စုလစ်မွန်းချွန်ပေါ်များခြင်း
(၃) ပြသာဒ်အဆောင်ပေါင်း (၁၀၈) ဆောင်ပါရှိခြင်း
(၄) လှေကားပေါင်း (၁၀၀) ရှိခြင်း
(၅) ပြတင်းပေါက်ပေါင်း (၁၀၆၀) ရှိခြင်းတို့ဖြစ်ပါတယ်။

မဟာသုတကာရီ မဃဒေဝလင်္ကာသစ်ကျမ်းမှာဆိုရင်လည်း 'မဟာပုဏ်မည်ရ၊ ထေရ်လူ့ဘသည် မာလကျွန်းဖြစ်၊ နံ့သာစစ်ဖြင့်၊ ဆီနှစ်ရဲရဲ ကိုးကဲလွန်ကျူး၊ အမွှန်ထူးသား၊ စန္ဒကူးရွှေဘုံ၊ ဂန္ဓာရုံကျောင်း၊ မြတ်တန်ဆောင်း၌' လို့သီကုံးထားတာတွေ့ရပြန်သလို၊ လယ်ကိုင်းချမ်းဘွယ်၊ ကျောင်းတော်ဝယ် အဘယ်သစ်ဖြင့် ဆောက်သနည်း၊ အမေးပုစ္ဆာမှာ စန္ဒကူး၏ ကူးသစ်ဖြင့်ဆောက်ကြောင်း၊ ပုဏ္ဏောဝါဒသုတ္တံမှာလာကြောင်းကို စွယ်စုံကျော်ထင်ကျမ်းမှာ တွေ့ရပြန်ပါတယ်။ ကျောင်းတော်ကြီးဆောက်လုပ်ပြီးတဲ့အခါ ဒီကျောင်းတော်မှာ သီတင်းသုံးကြွရောက်ဖို့ မဟာပုဏ္ဏေမထေရ်က ဘုရားရှင်ကို ပင့်တယ်။ ရဟန္တာ ၄၉၉ ပါးနဲ့အတူ ဘုရားရှင်ဟာ ယာဉ်ပျံငါးရာနဲ့ သစ္စဗန္ဓတောင် (ယခု ရွှေစက်တော် အထက်စက်တော်ရာ) ကြွရောက်ပြီး မုဆိုးဘဝကျွတ်တန်းဝင်လာတဲ့ သစ္စဗန္ဓရသေ့ကို တရားဟောတယ်။ သစ္စဗန္ဓမထေရ်လည်း ဘုရားရှင်ရဲ့ တရားတော် နာကြားရလို့ ရဟန္တာဖြစ်တယ်။

ဒီသစ္စဗန္ဓမထေရ် အပါအဝင် ဘုရားရှင် ရဟန္တာငါးရာနဲ့ ယာဉ်ပျံ

mgyoe.com

mgyoe.com


ခရီးကြွကာ ကျောင်းတော်ရာမှာ (၇) ရက် သီတင်းသုံးရင်း ပရိသတ် အပေါင်းကို တရားရေအေးတိုက်ကျွေးပြီး အပြန်ခရီးမှာ နမ္မဒါနဂါးပင့်လို့ နဂါးပြည်ကြွ တရားဟောတယ်။ နောက် နမ္မဒါ နဂါးတောင်းပန်လို့ အောက်ခြေတော်ရာ ချပေးတော်မူခဲ့သလို သစ္စဗန္ဓမထေရ် တောင်းပန်တဲ့ အတွက် အထက်ခြေတော်ရာကိုပါ ချပေးတော်မူခဲ့ပါတယ်။

စန္ဒကူးကျောင်းတော်ကြီးမှာ သီတင်းသုံးကျန်ရစ်ခဲ့တဲ့ မဟာပုဏ္ဏ မထေရ်ဟာ နောင်နှစ်တွေ ကြာလာရင် လူတွေလောဘ၊ ဒေါသတွေ ထူပြော လာကြမယ်။ ဒီအခါ လောဘသက္ကာယအလျောက် စန္ဒကူးကျောင်းတော် ကြီးကို ဖျက်ဆီးကြ ယူဆောင်ခိုးဝှက်ကြရင် အပါယ်ငရဲကျလိမ့်မယ်ဆို တာ မြင်တော်မူပြီး သစ္စာအဓိဋ္ဌာန်နဲ့ ဒီကျောင်းတော်ကြီးကို ကွယ်ပစေခဲ့ တာပါ။ မဟာပုဏ္ဏမထေရ်ရဲ့ အဓိဋ္ဌာန်လေးချက်ထဲက ဒုတိယမြောက် အဓိဋ္ဌာန်အရ ကျောင်းတော်ရာကြီး ကွယ်ပျောက်ပြီးတဲ့နောက် ဘုရားရှင် ကိုယ်တော်တိုင် သီတင်းသုံးခဲ့တဲ့နေရာမှာ မပျက်စီးနိုင်တဲ့ သေလာမယ ကျောက်စေတီပေါ်ပါစေသတည်းဆိုတဲ့ အဓိဋ္ဌာန်ချက်အရ 'သေလာမယ စေတီ'ပေါ်လာခဲ့တယ်။ နှစ်တွေကြာလာတော့ ဒီနေရာဟာ တောချုံနွယ် သစ်ပင်တွေ ဖုံးလွှမ်းပြီး တောဖြစ်ခဲ့တယ်။

သာသနာသက္ကရာဇ် (၁၆၄၁) ခု ကောဇာသက္ကရာဇ် (၄၅၈) ခုနှစ် ရောက်တော့ မဏိစည်သူမင်းက တောရှင်းကာ ယခင်သေလာမယစေတီ ငယ်ကို ဌာပနာပြီး ယခုဖူးတွေ့မြင်ရတဲ့ ကျောင်းတော်ရာစေတီကြီး တည်ခဲ့ တယ်။ စေတီကြီးရဲ့ ထီးတော်က (၃) ဆင့်ရှိတယ်။ ထီးတော် (၃) ဆင့်ရှိ တာ မြန်မာပြည်မှာ ဒီဘုရားတစ်ဆူပဲရှိသတဲ့။ ပစ္စယံ (၃)ဆင့်၊ တံတိုင်း၊ (၃)ထပ် အရံစေတီ (၁၀၈)ဆူ မဏိစည်သူမင်းက လှူခဲ့သလို အတွင်း ကျောင်းရံ (၅၅) (ဝတ္ထုကံကျောင်းတော်မြေအတွင်း စေတီများ)နဲ့ အပြင် ကျောင်းရံ (၉၉) (ဘုရားကြီးရဲ့ ဝတ္ထုကံရွာများ) အပါအဝင် ဝတ္ထုက မြေပေါင်း ၂၃၅၀၉ ဧက လှူခဲ့တယ်။ နယ်မြေအပိုင်းအခြား ရွာတွေပြပါ ဆိုရင် 'ပုရိတ္ထိမာမုမ္မနဒီ ဥတ္တရာ ဒိသာယတထာ ပစ္ဆိမံမမြုတံ၊ တာလီနာ မကုံဒက္ခိဏံ' ပါဠိဂါထာကျောက်စာအရ အရှေ့သို့လားသော် မုန်းမြစ်၊ မြောက်သို့လားသော် ကုန်းဇောင်း၊ အနောက်သို့လားသော် ပွင့်ဖြူ တောင်

mgyoe.com

mgyoe.com


သို့လားသော် တာလီမြောင်းအထိ သတ်မှတ်ခဲ့တာပါ။ ကျောင်းတော်ရာ စေတီကို နှစ်စဉ်လာဖူးကြတဲ့ ငါးထွေကြီးတွေရဲ့ ဦးခေါင်းဟာ လူခေါင်း လောက်ရှိသလို အရောင်က ဖြူတယ်။ အကိုင်ခံတယ်၊ ရွှေချခံတယ်၊ လူတွေကို အန္တရာယ်မပေးတဲ့အပြင် ကလေးတွေ ရေထဲကျရင်တောင် ဒီငါးကြီး တွေက ကမ်းရောက်အောင် တွန်းပို့ပေးတယ်။

အညှီအဟောက်မစားဘူး၊ ဖွဲနုဆုပ်၊ ထန်းသီးမုန့်၊ မုန့်ပဲ သရေစာ သက်သတ်လွတ် အစားအစာများ စားကြတယ်။ ငါးကြီးတွေဟာ ညှီစော် မနံဘူး။ မွန်းလွဲရင် အစာမစားတော့ဘူး။ ကျောင်းတော်ရာနဲ့ ငါးဖာလုံ ကွာတဲ့ မုန်းထဲကို နှစ်စဉ်ဝါဆိုလမှာပဲလာတယ်။ ဝါထပ်တဲ့နှစ်ဆိုရင် ပထမ ဝါဆိုမှာ မလာကြဘူး။ ရဟန်းတော်များ ဝါကပ်တဲ့ ဒုတိယ ဝါဆိုလမှာပဲ လာတယ်။ တိရစ္ဆာန်ပေမဲ့ အဲသလောက်သိကြတယ်။ သူတို့ အသွား အပြန် ပိုက်ကွန်မိရင်လည်း ငါးတွေက သက်ဆိုင်ရာ ဆရာတော်တွေကို အိပ်မက် ပေးတယ်။ အသွားရော အပြန်ပါ အိုးစည်ဒိုးပတ်နဲ့ နီးရာ ရွာတွေက နှစ်စဉ် အကြိုအပို့လုပ်ကြတာ ခုထိအောင်ပဲ။

ဒီကျောင်းတော်ရာ စေတီကို ပိဋကတ်ကျမ်းတတ် အကျော်အမော် များဖြစ်ကြတဲ့ တောင်ဖီလာဆရာတော်နဲ့ ဦးဗုမ်၊ မုံရွေးဆရာတော်၊ မန်လည် ဆရာတော်၊ သေကျွဲတောင် ဆရာတော်၊ သဲအင်းဆရာတော်၊ မဲထီးဆရာ တော်၊ ရှင်ဥတ္တမကျော်၊ မင်းဘူးဦးသြဘာသ၊ ဦးဒီပဆရာတော်တို့ကြွ ရောက်ခဲ့ကြသလို အဇာတသတ်မင်း၊ သီရိဓမ္မာသောကမင်း၊ အနော်ရထာ မင်း၊ ကျန်စစ်သားမင်းတို့ အပါအဝင် –

(၁) မဏိစည်သူမင်း၊ ကောဇာ ၄၅၃ ခု
(၂) ဆင်ဖြူရှင်မင်း ၆၆၈ ခု
(၃) သတိုးမင်းဖျားယောက်ဖတော် ၆၈၂ ခု
(၄) သီဟသူမင်း မဟာသူရမင်း ၇၁၈ ခု
(၅) သီဟပတေ့မင်း ၇၃၀ ခု
(၆) မဟာသုဓမ္မရာဇမင်း ၁၀၇၈ ခု
(၇) ကုန်းဘောင်မင်းက သီရိနန္ဒစည်သူ ၁၁၂၂ ခုနှစ် ပန်းဆွဲဘီလူး ပြင်ဆင်လှူခိုင်းခဲ့ ၁၁၂၆ ခုနှစ် ကုန်းဘောင်မင်းကိုယ်တိုင်

mgyoe.com

mgyoe.com

ရွှေသက်န်းလှူ

(၈) ဆင်ဖြူရှင်များမင်း ၁၁၄၇ ခု

(၉) မင်းတုန်းမင်းက အိမ်ရှေ့မင်း လွှတ်ကာ မော်ကွန်းကျောက်စာများလှူ ၁၂၁၉ ခု တစ်ကြိမ်၊ ၁၂၄၀ ပြည့်နှစ်တစ်ကြိမ် စေတီတော်ကြီးပြင်၊

(၁၃) သီပေါမင်းက ကင်းဝန်မင်း လွှတ်ပြီး ထီးတော်တင် ၁၂၄၂ ခု

စသည့် မင်းအဆက်ဆက် ယနေ့တိုင်အောင် ဘုရားကြီးကို ပြုပြင်မွမ်းမံခဲ့ကြပါတယ်။ ဒီအကြောင်းတွေကို သာရတ္ထသင်္ဂဟကျမ်း၊ ဒီပနီကျမ်းများ၊ ပကာနီကျမ်းများ၊ စွယ်စုံကျော်ထင်ကျမ်း၊ မဃဒေဝကျမ်းများမှာ အခိုင်အလုံ တွေ့နိုင်ပါတယ်။

## ပွင့်လင်းသာသနာ ပြည်မြန်မာ

ကမ္ဘာမှာ မြန်မာနိုင်ငံဟာ ထေရဝါဒ ဗုဒ္ဓသာသနာအထွန်းကားဆုံး အစည်ပင်ဆုံး နိုင်ငံပါ။ ပုံတောင်ပုံညာက တွေ့ရှိတဲ့ ပရိုင်းမိတ် ရုပ်ကြွင်းများအရ မြန်မာလူမျိုးဆိုတာ နှစ်အတော်ကြာကြာ စောပြီးတည်ခဲ့တဲ့ လူမျိုးဖြစ်ပါသတဲ့။

သာသနာဘက်ဆိုင်ရာမှာ ဆိုရင်လည်း တဖုဿနဲ့ ဘလ္လိကညီနောင်ကုန်သည်နှစ်ဦးဟာ ဂေါတမမြတ်စွာဘုရားရှင် ပွင့်ပြီးစမှာပဲ ဘုရားရှင်ကို ဦးစွာ ဖူးတွေ့ခဲ့ရာမှ ဒွေဝါစိက သရဏဂုံ (ဗုဒ္ဓံသရဏံဂစ္ဆာမိ၊ ဓမ္မံသရဏံဂစ္ဆာမိ) ပထမဦးဆုံး တည်ခဲ့တယ်မဟုတ်လား၊ ဘုရားရှင်ကို ပျားမုန့်ဆွမ်းတွေ ကပ်လှူကာ ဒွေဝါစိတသရဏံ တည်ရာက ဆံတော် (၈)ဆူ ဘုရားရှင်က ပေးသနားခဲ့လို့ ရွှေတိဂုံစေတီတော်ကြီး တည်နိုင်ခဲ့တယ်။ လူတွေထဲမှာ ပထမဦးဆုံး သရဏဂုံတည်ကြတဲ့ သူတို့ဟာ သရဏဂုံအရာမှာ ဧတဒဂ်ဘွဲ့ထူးထောင် ဆွတ်ခူးနိုင်ခဲ့တဲ့သူတွေပါ။ မဟာပုဏ္ဏမထေရ်ဆိုရင်လည်း မြန်မာပြည်သားထဲမှာ ပထမဦးဆုံး ရဟန္တာဖြစ်သလို သစ္စဗန္ဓမထေရ်ကတော့ ဒုတိယမြောက် ရဟန္တာပါ။

ဒီလိုပုဂ္ဂိုလ်ထူးတွေကို အကြောင်းပြုပြီး ရွှေတိဂုံစေတီတော်

mgyoe.com

mgyoe.com


ဖူးမြော်ရ၊ ရွှေစက်တော် ခြေတော်ရာနဲ့ ကျောင်းတော်ရာစေတီ၊ မြသလွန်စေတီ၊ စက္ကိန်းတဲ စေတီတော်တွေ ဖူးမြော်မြင်ရတာကိုက နည်းတဲ့ ကုသိုလ်အခွင့်အရေးလား။ ဖူးမြော်ချင်သပဆိုရင် မြန်မာတစ်နိုင်ငံလုံး စေတီပုထိုးပေါင်း အများကြီးပါ။ လေ့လာစရာတွေကလည်း မကုန်နိုင်အောင် တစ်သီတစ်တန်းကြီးပေါ့။

ဒီလိုရေခံမြေခံကောင်းလှတဲ့ မြန်မာနိုင်ငံမှာ ဗုဒ္ဓဘာသာ မြန်မာလူမျိုး လာဖြစ်ရတာကိုက အင်မတန်ကံကောင်းတာကလား၊ ကျုပ်တောင်ကျောင်းတော်ရာ စေတီတော်ကြီးအကြောင်း ခုလိုဆောင်းပါးရေးရတာကိုပဲ ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူဝမ်းသာလို့ မဆုံးဖြစ်မိတာအမှန်။

ကျမ်းကိုး

၁။ ပုဏ္ဏောဝါဒသုတ္တံ

၂။ သီလက္ခန္ဓဝဂ္ဂအဋ္ဌကထာ

၃။ မဃဒေဝလင်္ကာ

၄။ ကျောင်းတော်ရာစေတီတော်သမိုင်း ဦးဓမ္မာစာရ

၅။ တိုင်းကြီးသောဋ္ဌသ မြေပုံငယ်ကျမ်း၊ သေက္ခတောင် ဆရာ ဦးတိလောဘ

၆။ စွယ်စုံကျော်ထင်ကျမ်း၊ကျီးကန်အမေးကျီးသဲလေးထပ်ဆရာတော်

ဂန္ထဝင်မဂ္ဂဇင်း ၂၀၀၂ခုနှစ်၊ ဒီဇင်ဘာ

❐

mgyoe.com

mgyoe.com

# မကွေးမြို့စွန် မြသလွန်

မြသလွန်ဘုရားပွဲကို တော်သလင်း လပြည့်ကျော်လောက်က တည်းက ဈေးသည်တွေ ရောက်နေပါပြီ။ မိတ္ထီလာဖောင်တော်ဦးဘုရားပွဲ၊ ပေါင်းတည်စွယ်တော်ဘုရားပွဲ၊ မြောင်ဘုရားပွဲ၊ ရွှေဘိုမြို့ထောင့်ဘုရားပွဲက ကူးသူတွေ ကူးလာခဲ့ခြင်းဖြစ်သည်။ မြသလွန်ဘုရားပွဲတော် အစည်ကားဆုံးရက်မှာ သီတင်းကျွတ်လပြည့်ဖြစ်သည်။ စည်ကားသမှု ဘုရားကုန်းတော်ပေါ်တက်သည့် လှေကားစောင်းတန်းပေါ်မှာ ဆင်းရ၊ တက်ရခက်ပြီး လူချင်းတိုးလို့ မရလောက်အောင်ကို ကြိတ်ကြိတ်တိုးစည်ကားခြင်းဖြစ်သည်။ မြသလွန်ဘုရားပွဲသည် ဇာတ်ရုံကြီး နှစ်ရုံအပြိုင်ဖြင့် နာမည်ကြီးဇာတ်များနှင့် နာမည်ကြီး ရုပ်ရှင်မင်းသား၊ မင်းသမီးများ၊ အဆိုတော်များ လာရောက်ကပြလေ့ရှိသောကြောင့် ဈေးဝယ်သူများ ပွဲကြည့်သူများဖြင့်လည်း စည်ကားလှ၏။

မြသလွန်ဘုရားပွဲမှာ ပွဲဈေးတန်း လမ်းလျှောက်ရင်း ဟိုငေးသည်မော ကြည့်ရှုရသည့်ရသ၊ ဘုရားကုန်းတော်ပေါ်တွင် ဧရာဝတီမြစ်ထဲမှ ခုတ်မောင်းသွားလာနေသော လှေများ၊ သင်္ဘောများ၊ မော်တော်များကို ကြည့်ရှုရင်း အနောက်ဘက်ကမ်းမှ ရှင်ပင်စက္ကိန်းတဲဘုရားနှင့် မင်းဘူးမြို့ကို လှမ်းမျှော်၍ ကြည့်ရင်း မြစ်ပြင်ကိုကျော်ဖြတ်လာသည့် လေကောင်း

mgyoe.com

လေသနဲ့ကို ရှူရှိုက်ရင်း ဗုဒ္ဓဝင်ဆိုင်ရာပန်းချီ ပန်းပုလက်ရာများကို လေ့လာရင်း ဘုရားရိပ်ကို ခိုလှုံရသည့် အေးငြိမ်းခြင်း ရသအမျိုးမျိုးကို ခံစားရသည်။

မြသလွန်ဘုရားပရိဝုဏ်၏ အထူးခြားဆုံး ထူးခြားချက်မှာ သူရသသတိရုပ်ထု၊ ဘိုးမင်းခေါင်ရုပ်ထု၊ ဘိုးဘိုးအောင် ရုပ်ထုများမရှိခြင်းပင်ဖြစ်သည်။ ဩော် လွတ်လပ် အေးငြိမ်းလေစွတကား။ မြသလွန်ဘုရားပွဲတွင် အထည်အလိပ်၊ အလှကုန်၊ ပိုက်ဆံအိတ်၊ ခရီးဆောင်အိတ်၊ သနပ်ခါးတုံး၊ မှန်၊ မှန်ပေါင်၊ ဖျာ သင်ဖြူး၊ နိဗ္ဗာန်ကုန်၊ ကြေးကုန်၊ သံကုန်၊ ပလာပ်စတစ်ပန်း၊ အဝတ်ပန်းမျိုးစုံ၊ ငါးပိငါးခြောက်၊ ငဖန်ဝိုင်းငပိကောင်၊ ပုစွန်ခြောက်၊ ကျောက်ပျဉ်၊ ကျောက်ငရုတ်ဆုံ၊ ဖိုက်ဘာစတီးပစ္စည်းအမျိုးမျိုး ကြံရိုးတွေတောင်ပုံရာပုံ၊ ပုပ္ပားငှက်ပျောတွေ အပြည့်အလျှံ အစီအရီနှင့် စားသောက်ဆိုင်ကြီးတွေကို တစ်သီတစ်တန်းတွေ့ရသည်။ ကြံဆစ်နှင့် ငှက်ပျောသီးအထပ်လိုက် အပုံလိုက် များများစားစား အံ့မခန်းတွေ့ရပုံမှာ တခြားဘုရားပွဲများနှင့်မတူ တစ်မူထူးခြားလှသည်။ ထူးခြားသည်မှာ ဤမျှမက ဘုရားပွဲတော်တွင်း အသံချဲ့စက် မဆိုထားနှင့် ကက်ဆက် ဆောင်းဘောက်ကိုတောင် ကျယ်ကျယ်လောင်လောင် မဖွင့်ရခြင်း၊ အရက်သေစာ မရောင်းရခြင်း၊ ဆိုင်ခန်းများချထားရောင်းချရာတွင်လည်း စနစ်တကျ တိကျခြင်း၊ ဈေးဆိုင်များ၏ ရှေ့တွင် အမှိုက်သရိုက်မရှိခြင်း၊ ဆိုင်ရှေ့ကဲလားချခြင်းများ မတွေ့ရခြင်း၊ သူခိုးသူဝှက်ကင်းရှင်းခြင်း၊ ပွဲတော်ဈေးအတွင်း စက်ဘီး၊ ဆိုက္ကား၊ ဆိုင်ကယ်၊ ကားများ မဝင်ရခြင်း၊ ဆိုင်ခွန် ဆိုင်ခန်းခများ ဈေးချိုဈေးမှန်ခြင်းများကို တွေ့ရှိရသည်။ (၁၂) ပွဲဈေးသည် တစ်ဦးကဆိုလျှင် မြသလွန်ဘုရားပွဲဆိုင်ခန်းဈေးဟာ (၁၂) ပွဲဈေးမှာ ဈေးအချိုဆုံး၊ စည်းကမ်းအရှိဆုံးဟုပင် ပြောပြဖူးလေသည်။ ထိုသို့စည်းကမ်းရှိရှိနှင့် စည်းစနစ်ကောင်းရုံတင်မက ဘုရားနှင့် သာသနိက အဆောက်အအုံများဘက်တွင်လည်း အပြုပြင်ဆုံး၊ အတိုးတက်ဆုံးဆိုတာ ရောက်ဖူး မြင်ဖူးသူတိုင်း သိကြမည်ဖြစ်သည်။

သီတင်းကျွတ် မြသလွန်ဘုရားပွဲရာသီကား မပူလွန်း၊ မအေးလွန်းရာသီမို့ ဥတုသပ္ပာယ အမျှအတဆုံးလည်းဖြစ်သည်။ သို့ဖြစ်၍ ဘုရားပွဲ

mgyoe.com

mgyoe.com

ဈေးသည် ဈေးဝယ်နှင့် ဘုရားဖူးလာသူများအဖို့ မပင်ပန်း သက်သောင့်သက်သာလည်း ရှိပေသည်။ စာရေးသူကတော့ မကွေးမြို့ကို ရောက်တိုင်း မြသလွန်ဘုရားကို ဖူးဖြစ်သလို ဘုရား၏တောင်ဘက် တန်ဆောင်းထဲက ဗိသုကာ ဦးလှသိန်း၏ အောင်ခြင်းရှစ်ပါး ပန်းချီကားရှေ့က မခွာနိုင်သလို ဧရာဝတီမြစ်ပြင်ကို ကြည့်လိုက်၊ မင်းဘူးမြို့ကိုကြည့်လိုက် ရှင်ပင်စက္ကိန်းတဲဘုရားကို လှမ်းမျှော်ဖူးရင်း ရွှေစက်တော်ကိုပါမှန်း၍ လွမ်းမိသည်မှာ အကြိမ်ကြိမ်။

မကွေးမြို့မှာ နေခဲ့ဖူးသူဆိုတော့ မြသလွန်ဘုရားပွဲကို နှစ်စဉ် မရောက်နိုင်သော်ငြား သီတင်းကျွတ်သည်ဆိုရင်ပဲ မြသလွန်ဘုရားပွဲကိုတော့ စိတ်ထဲက အမြဲရောက်နေသူဖြစ်သည်။

အဆောင်လေသာ၊နှစ်ကောဇာ၊ မဋ္ဌာ မြပုထိုး။
ရွှေသားရွှေရည်၊ ထိန်ထိန်ကြည် သိင်္ဂီထီးသစ်မိုး။

၁၃၄၆ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက် (ကြာသပတေးနေ့) ၃၁–၁–၈၅ နံနက် ၉ နာရီ ၂၅ မိနစ် အချိန် မြသလွန် ဘုရားထီးတော်သစ်တင်ပွဲနှင့် ကပ်လှူပွဲကြုံကြိုက်ခဲ့၍ အလွန့်အလွန် အခွင့်ထူးကို ကြည်နူးစွာမြင်တွေ့ရသည်ကိုကား အဖိုးမဖြတ်နိုင်အောင် တန်ဖိုးရှိလှပေသည်။ ထို့အတူ မကွေးမြို့ မဟာရတနာတိုက် တိုက်အုပ်ဆရာတော် တိပိဋကဓရ အဂ္ဂမဟာပဏ္ဍိတ ဦးကောဏ္ဍည၏ ကဗျာ လင်္ကာစာပေအမွေကိုရရှိခဲ့ခြင်းသည်လည်း အထူးဝမ်းသာကျေနပ်ရလေသည်။

မြန်မာပြည်အလယ်ပိုင်းမှ မကွေးတိုင်းသည် မြန်မာပြည်၏ ဆီအိုးကြီး၊ စပါးကျီကြီးဖြစ်သလို ကျွန်းသစ်၊ ရေနံ၊ ရှားစေး၊ အထည်အလိပ်၊ စပါး၊ ပြောင်း၊ ပဲမျိုးစုံ၊ နှမ်း၊ ဝါ၊ ကြက်သွန်ဖြူ၊ နီ၊ ငရုတ်၊ ဂျုံ၊ လူး၊ ဆတ်စသည့် ကုန်ပစ္စည်းများ ပေါ်ထွက်သလို ပခုက္ကူဆရာတော် ဦးနေမိန္ဒ၊ ရေစကြိုဆရာတော် ဦးဝါယမ၊ ယောဆရာတော် ဦးသီရိန္ဒ၊ မကွေးဆရာတော် ဦးကောဏ္ဍည စသည့် တိပိဋကဓရ ဆရာတော်လေးပါး ပေါ်ထွန်းသည့်တိုင်းလည်း ဖြစ်သည်။ ဂေါတမမြတ်စွာဘုရား သက္ကရာဇ် ၁၂၃ခုနှစ်၊ဝါဆိုလပြည့်ကျော် (၈) ရက်၊ဝါတော် (၂၁) အရမှာ ကျောင်းတော်ရာမှအပြန် မင်းဘူးကေလာသ တောင်ထိပ်၌ ကျိန်းစက် သီတင်းသုံးစဉ်

mgyoe.com

ရောဝတီမြစ် အရှေ့ဘက် (၇) မိုင်ဝေးကွာသော တောအုပ်မှ ဘုရားရှင်အား အဖူးမြော်လာကြသည့် ဘောကျော်၊ ဘောသော၊ ဘောသူရ၊ ဘောရသ၊ ဘီလူးညီနောင်လေးဦးကို ရတနာ (၉) ပါးအထိ ပြီးသော သိကြားမင်း လှူဒါန်းသည့် မြသားသလွန်အား ပေးသနားစဉ် ငါဘုရား၏သလွန် တည်ရာ အရပ်သည် နောင်တစ်ချိန်မှာ စည်ပင်ဝပြောသော (မာကရဒေသ) မကွေးမြို့ကြီး ဖြစ်ပေါ်လာလတ္တံ့ဟု ဗျာဒိတ်ပေးခဲ့သောမြို့လည်းဖြစ်သည်။ မကွေးမြို့သည် ကားလမ်း၊ ရထားလမ်း၊ ရေလမ်း၊ လေယာဉ်စသည့် လမ်းပန်းဆက်သွယ်ရေး၊ ကူးသန်းရောင်းဝယ်ရေး အဆင်ပြေသည့်မြို့ဖြစ်၍ အထူးစည်ကားနေခြင်းပင်ဖြစ်သည်။

ပုဂံ၊ ပုပ္ပား၊ ကျောင်းတော်ရာ၊ ရွှေစက်တော်ဘုရားဖူးများ၏ သန့်သန့်ရှင်းရှင်း လုံလုံခြုံခြုံ နားခို အိပ်စက်နိုင်သော မြသလွန်ကုန်းပေါင်ပေါ်တွင် လက်ဖက်ရည်၊ ကော်ဖီ၊ ထမင်းဟင်းနှင့် အအေးမျိုးစုံ စားသောက်နိုင်သည်။ ထိုမျှမက အညာပြန် အမှတ်တရ ပဲလိပ်၊ မြေပဲယို၊ နှမ်းယို၊ ပုန်းရည်၊ သနပ်ခါးတုံး၊ မန်ကျည်းယို၊ ဇီးယို၊ မန်ကျည်းတော်ဖီ၊ ဇီးတော်ဖီ၊ ကွမ်းညှပ်၊ ကတ်ကြေး၊ ပဲကြော်၊ ပဲလှော်များကိုပါ လွယ်လွယ်ကူကူ ဝယ်ယူနိုင်သောကြောင့် ခရီးသည်တို့ မကွေးဖန်ခါးမြေကို အထူးနှစ်သက်နေကြခြင်းဖြစ်သည်။

အထူးသဖြင့် သောက်ရေ၊ ချိုးရေ၊ သုံးရေပေါသဖြင့် မြသလွန်ဘုရားကို အားထားမှီခိုကြခြင်းလည်း ဖြစ်သည်။ မကွေးမြို့သည် သာသနာရေးဘက်တွင်လည်း မဟာရတနာရာမ စာသင်တိုက်၊ မဟာဝိသုတာရာမ စာသင်တိုက်၊ မဟာဓမ္မိ ကာရာမစာသင်တိုက်၊ အောင်မြေရတနာစာသင်တိုက်၊ သံဃာရာမ စာသင်တိုက်၊ ပြည်တော်သာစာသင်တိုက်၊ ဘုရားသုံးဆူ စာသင်တိုက်စသည့် စာသင်တိုက်ကြီးများ အပါအဝင် တခြားကျောင်းတိုက်မှ သံဃာတော်များနှင့် သာသနာရောင်ဝါ ထွန်းလင်းဖြာလျက်ရှိ သည်။ ထောင်နှင့်ချီသော သံဃာတော်များ၏ ပစ္စည်းလေးပါးတာဝန်ကို သည်ပိုး အကျိုးပြုနေသည့် မကွေးမြို့သူ မြို့သားများ၏ စိတ်စေတနာ သဒ္ဓါတရား အင်အားကောင်းမှုကြောင့် ပဋိပတ္တိဝန်ဆောင် စာသင်သားသံဃာများလည်း တစ်နှစ်ထက်တစ်နှစ်တိုးပွားများပြားလာသည်မို့ အထူးဝမ်းမြောက် အားကျ

mgyoe.com

mgyoe.com

အတုယူစရာကောင်းလှ၏။ နှစ်စဉ် စာအောင် သံဃာများတိုး၍ တိုး၍ လာခြင်းသည်လည်း မြို့၏ကျက်သရေ သာသနာတော်၏ တောက်ပလာခြင်း အမှတ်သင်္ကေတပင် မဟုတ်ပါလား။ စာပေဘက်မှာ ကြည့်လျှင်လည်း ကဗျာဆရာ၊ စာရေးဆရာ အများအပြား ရှိသလို မကွေးမြို့မှ ဖန်ခါးမြေမဂ္ဂဇင်းထုတ်ဝေဦးမည်ဟု သိရ၍ အထူးဝမ်းသာမိပေသည်။

တိုင်းမကွေး၏
သမိုင်းပဂေးတွေကို
မဆိုင်းရေးပြမည့် လူစွမ်းကောင်းများ
တကတည်း သတိတရနှင့်
အမြဲဖွဲ့ဝီရိယရှိကြပါစေလို့လည်း မျှော်လင့်မိသည်။

ထိုထိုသို့သော အတွေးများနှင့် မြသလွန်ဘုရားဖူးရာမှ အပြန် ယခုဆောင်းပါးကို ကောက်ရေးချလိုက်၍ ပြီးဆုံးသွားသောအခါ ပေါ့ပါး ရွှင်လန်းကျေနပ်မိသည်။ နောက်နောင်ကိုလည်း ထိုပီတိမျိုး အခါခါ ခံစားချင်ပါသေးသည်။

ဂမ္ဘီရမဂ္ဂဇင်း ၂၀၀၆ခုနှစ်၊ အောက်တိုဘာ

❑

mgyoe.com

mgyoe.com

# ရင်ခုန်သံမြန်နေဆဲ အာနန္ဒာဘုရားပွဲ

ပုဂံကို မကြာခဏ ဘာလို့ သွားချင်ရတာလဲလို့ တစ်ခါတစ်ခါ ကိုယ့်ကိုယ်ကိုယ် မေးကြည့်မိတယ်။ ဘယ်အချိန်မေးမေး အဖြေကတော့ တစ်ခုတည်းပါ။

"ပုဂံကို ခံစားရတာမဝလို့ ဆိုတဲ့ အဖြေပဲပေါ့"

စာရေးသူတို့မြို့နဲ့ ပုဂံဟာ သိပ်လည်း မဝေးလှပေဘူး။ ရှိလှမှ မိုင် ၅၀ ပေါ့။ ချောက်နဲ့ စလင်းလိုင်းကားတွေက ပေါမှပေါ။ မနက်အစောကြီးကနေ ညနေအထိရှိတာဆိုတော့ လက်ပြတားပြီး အသာတက်စီးလိုက်သွားရုံပဲ၊ ချောက်ရောက်တော့ ဈေးကြီးအရှေ့မြောက်ထိပ်နားမှာ ပုဂံလိုင်းကားတွေ အများကြီးပါ။ နေ့လယ် ၃ နာရီလောက်အထိတော့ မပြတ်ရှိနေတာဆိုတော့ ပုဂံခရီးစဉ်က ချောလို့ဆိုပါတော့။ ချောက်ကနေ စဥ့်ကူလမ်းအတိုင်းဆိုတော့ ၁၉ မိုင်ပဲရှိတာ လမ်းကလည်းကောင်းတော့ ခဏလေးရယ်။ ဒီခရီးက အမြဲရင်ခုန်ဖို့ ကောင်းတာကလား၊ ပုဂံမရောက်မီ ရှေးဟောင်းစေတီပုထိုး နီနီတွေ အဝေးက မြင်လိုက်ရလေ ကတည်းကလေ ...။

ပထမမြင်ကွင်းရုပ်ပုံလွှာကို ပုဂံသွားတိုင်း အလွတ်မပေးဘဲ ခံစားရတာကိုက အမောပြေ ကျောက်စက်ရေ သောက်လိုက်ရသလို နေပူ

mgyoe.com

mgyoe.com


ထဲက အရိပ်ကို တွေ့ပြီး နားခိုလိုက်ရသလိုပါပဲ။ နောက်ထပ် ခံစားရတာတွေ ရှိသေးတယ်။ ပုဂံမြို့ထဲဝင်လိုက်တာနဲ့ ဟိုဟိုဒီဒီ ဝေ့ဝိုက်ကြည့်လိုက်တဲ့အခါ အလွမ်းဓာတ်တွေရဲ့ လွှမ်းပတ် ထွေးပွေ့ခြင်းရသလို ရရှိလိုက်ခြင်းပါပဲ။

နီကျင်ကျင် ပုဂံမြေပေါ်ခြေစုံရပ် နင်းမိလိုက်တဲ့အခါတွေမှာလည်း နှစ်ရှည်လများ ဝေးကွာနေတဲ့ ဆွေမျိုးရင်းချာတွေကို မထင်မှတ်ဘဲ ရုတ်တရက် ပြန်တွေ့လိုက်ရသလို ခံစားရပြန်ပါတယ်။ ဒီနောက် အမျိုးအမည် ဖော်မပြတတ်တဲ့ ငိုချင်သလိုလို ပျော်ချင်သလိုလို အတိတ်ကို အမှတ်ရသလိုလို ပျံ့လွင့်ခြင်းဝေဒနာတွေကလည်း ပုဂံရောက်တိုင်း ဖမ်းစားညှို့ယူခေါ်ဆောင်စမြဲပဲလေ။ ပုဂံမှာ နေထွက်ချိန်ကို ခံစားရတာ၊ နေဝင်ချိန်ကို ခံစားရတာကလည်း မရိုးနိုင်တဲ့ မြင်ကွင်းတွေပေါ့။ တချို့က တချို့ဆို အများစုက ရွှေဆံတော်ဘုရားပေါ်က နေဝင်ချိန်ရှုခင်းကို ခံစားလေ့ရှိကြပေမယ့် စာရေးသူကတော့ လောကနန္ဒာဘုရားပေါ်က မင်္ဂလာစေတီပေါ်က ဗူးဘုရားပေါ်က၊ ရွှေဆံတော်ဘုရားပေါ်က အမျိုးမျိုးသော နေဝင်ချိန်ကို အလွတ်မပေးခံစားသူ ဖြစ်ပါတယ်။ ဗူးဘုရားနဲ့ လောကနန္ဒာဘုရားပေါ်ကတော့ နေဝင်ချိန်ရှုခင်းရော ဧရာဝတီအလှနဲ့ ဧရာဝတီပေါ်မှာ ဖြတ်သန်းခုတ်မောင်းသွားလာနေတဲ့ သင်္ဘောများ၊ မော်တော်များ၊ လှေများ၊ ပဲ့ထောင်များ၊ ရွက်လှေများ အပါအဝင် အိပ်တန်းပြန်ငှက်များရဲ့ တေးသံကိုပါ နားထောင်ကြည့်ရှုရပါတယ်။

လောကနန္ဒာဆိပ်ကမ်းမှာ ထိုင်ငေးရင်း ဟိုးရှေးခေတ်က သင်္ဘောဆိပ်ကမ်းဖြစ်ခဲ့တဲ့ အချက်အချာကျတဲ့ ဒီနေရာဟာ ဟိုတစ်ချိန်တုန်းက နိုင်ငံခြားပင်လယ်ကူး ရွက်သင်္ဘောကြီးတွေ ဆိုက်ကပ်ရောင်းဝယ်ဖောက်ကားခဲ့တယ်။ လူမျိုးစုံ၊ ဘာသာမျိုးစုံ အရောင်အသွေးအမျိုးစုံ၊ အငွေ့အသက်အမျိုးစုံဟာ ပုဂံရဲ့ ကြီးမားခံ့ညားပြည့်ဝတဲ့ အရိပ်မှာ ခိုလှုံသွားလာခဲ့ကြလိမ့်မယ်လို့လည်း အတွေးနယ်ချဲ့မိတဲ့ အကြိမ်ပေါင်းလည်း မရေမတွက်နိုင်အောင်ပေါ့။ သိန်းဃိုဘုရင် ပထမဝိဇယဗာဟုမင်း တောင်းပန်အကူအညီတောင်းတဲ့အတွက် အနော်ရထာမင်းကြီးဟာ သိန်းဃိုကျွန်း (သီရိလင်္ကာ)သို့ စစ်ရေးစစ်ရာ အကူအညီနဲ့ သာသနာရေး အကူအညီတွေ

mgyoe.com

mgyoe.com


ကို ပေးတဲ့အခါမှာလည်း လောကနန္ဒာ ဆိပ်ကမ်းကပဲ ခရီးစခဲ့ကြတယ်လေ။

သိန်းဃိုကျွန်းမှ ရဟန်းတော်များနဲ့ အိန္ဒိယတောင်ပိုင်း စောလပိုင်းမှ ဘုရင်လည်း ပုဂံပြည် လာကြတဲ့အခါမှာ လောကနန္ဒာ ဆိပ်ကမ်းက တက်ကြရပါတယ်။ ပုဂံပြည်မှ ဉတ္တရဇီဝမထေရ်နဲ့ ဆပ္ပဒမထေရ်တို့ အပါအဝင် တခြားရဟန်းတော်များလည်း သိန်းဃိုကျွန်းကို ကြွတဲ့အခါ လောကနန္ဒာဆိပ်ကမ်းမှ သင်္ဘောရွက်စတင်ဖွင့်ခဲ့ရပါတယ်။ ကျန်စစ်သားမင်းကြီးရဲ့ ကျောက်သံပတ္တမြားနဲ့ အခြားလှူဖွယ်ပစ္စည်းများကို ဗုဒ္ဓဂယာ မဟာဗောဓိအတွက် ဆောင်ကြဉ်းသွားကြတဲ့ ဘုရင့်ကိုယ်စားလှယ်များလည်း သူတို့ရဲ့ မဟာဗောဓိခရီးကို လောကနန္ဒာဆိပ်ကမ်းမှ အစပြုရပါတယ်။ အနော်ရထာမင်းကြီးတောင်းပန်တဲ့အတွက် သိန်းဃိုဘုရင်ပထမ ဝိဇယဗာဟုမင်း ပေးပို့တဲ့ စွယ်တော်ကို ဆောင်ကြဉ်းလာစဉ်က သင်္ဘောကပ်တဲ့ ဆိပ်ကမ်းသည်လည်း လောကနန္ဒာဆိပ်ကမ်းကို ကပ်လာတဲ့အခါ အနော်ရထာမင်းကြီးလည်ပင်း ရေထိတဲ့အထိ မြစ်ထဲဆင်းပြီး စွယ်တော်ပင့်ပုံတွေကိုပါ မျက်စိထဲမြင်ယောင်နေမိတယ်။ ဒီရသတွေက ဆွဲခေါ်လေ့ရှိလို့လည်း လောကနန္ဒာဘုရားကို အမြဲရောက်တာဖြစ်မယ်။

နောက် နှစ်စဉ်ရောက်ဖြစ်တာက မိုးတွင်း မိုးရွာသွန်းပြီးစ ပုဂံကို ခံစားရင်းနဲ့ ပြာသိုလ အာနန္ဒာဘုရားပွဲအချိန်ပေါ့၊ နှစ်တိုင်းရောက်နေတာပဲ၊ ဒီနှစ်တော့ မသွားတော့ပါဘူးလို့ ဆုံးဖြတ်ထားသော်လည်း အချိန်တန်ပြီလားဆိုရင် နှင်းမှုံ့ဇာပဝါကြားက အာနန္ဒာဘုရားပွဲကို သွားရောက်ဖြစ်တာများပါတယ်။ သားရေအိတ်ဆိုင် မောင်ညွှန့်သိန်း မစန်းလှ၊ထွန်းအောင်၊ အောင်ကျော်ဆန်းတို့ မွေးချင်းတစ်စုပွဲတော်မှာ ရှိနေတာဆိုတော့ စားရေး၊ နေရေး၊ သွားရေး၊ လာရေးကလည်း အဆင်ပြေနေမှုကိုး။ ပုဂံရောက်တိုင်း ရင်ခုန်ရတာတွေထဲမှာ အာနန္ဒာဘုရားပွဲက ထိပ်ဆုံးက ပါဝင်ပါလိမ့်မယ်။ ဒီဘုရားပွဲကို အမှီပြုပြီး ဆောင်းပါးတွေ၊ဝတ္ထုတိုတွေလည်း မနည်းရေးနိုင်ခဲ့လို့လည်း ဘုရားပွဲတိုင်းရောက်ဖြစ်တယ်ဆိုရင် လွဲမယ်မထင်ဘူး။ အာနန္ဒာပွဲမှာ ကျေးလက်က လူတွေရော မြို့ပြကလူတွေပါ။ တွေ့ရတာဆိုတော့ စရိုက်စုံ၊ အငွေ့အသက်စုံ၊ ကာလာစုံ၊ ရင်မခုန်ဘဲ ရှိပါမလား။

mgyoe.com

mgyoe.com

စာတွေ မရေးဖြစ်ဘဲ မထွက်ဘဲရှိပါ့မလား။ မှတ်မှတ်ရရ ပုဂံအကြောင်း ရေးချင်လို့ တကူးတကန့် သွားရောက်ဖူးတယ်၊ မြင်သမျှတော့ ခံစားလို့ ရပါရဲ့ ဘာစာတစ်လုံးမှ ထွက်မလာခဲ့ဘူး၊ စိတ်တောင်ညစ်မိရဲ့။ ဒါပေမဲ့ မကြာပါဘူး။ ကိုယ့်မြို့ရောက်လို့ သုံးရက်လောက်ရှိတော့မှ ဆောင်းပါး တစ်ပုဒ် အောင်မြင်စွာ ရေးသားနိုင်ခဲ့ပါတယ်။ ဒီကတည်းက ကိုယ့်ကိုယ် ကိုယ် ယုံကြည်စိတ်ဖြစ်ပေါ်လာပြီး ပုဂံကိုရောက်အောင်လည်းသွားပြီး ပုဂံ ရုပ်လွှာ၊ ပုဂံအငွေ့အသက်၊ ပုဂံပေးတဲ့ ပီတိသုခ ပျော်ဝင်မှုတွေကို အမိအရ ဖမ်းဆုပ်နိုင်ခဲ့ပါတယ်။

ကိုယ်သိချင်တာလေးတွေကို ကျေးလက်က လာတဲ့ လှည်းဝိုင်း တွေမှာ (၁၂) ပွဲဈေးသည်တွေဆီမှာ အစဦးဆုံး မေးစဉ်တုန်းကလည်း စုန်းပူးသလိုလို၊ နတ်ပူးသလိုလိုနဲ့ ကြောက်ဒူးတုန်ခဲ့ပါသေးတယ်။ နောက် တော့လည်း ကျင့်သားရပြီး အသံသွင်းကက်ဆက်တစ်လုံးနဲ့ မေးရင်း မြန်းရင်းစာတွေ ဆက်တိုက်ရေးနိုင်ခဲ့ပြန်ရော။

အာနန္ဒာဘုရားပွဲမှာ အလှူကြီးပေးနေသလို ကင်ရအောင်၊ လူ စည်ကားတဲ့ဆိုင်ကတော့ ပုဂံရောက် အမှတ်တရ အင်္ကျီ၊ စွပ်ကျယ်၊ တီရှပ် အရောင်းဆိုင်ပါပဲ။ ဘယ်အချိန်ကြည့်လိုက် ကြည့်လိုက် ရောင်းသူ (၈) ယောက်လောက်နဲ့ ဝယ်သူတွေ တစ်သီတစ်တန်းကြီး အလုပ်ရှုပ်ပျက်ချ္ုသည်း ပါပဲ။ ညောင်ပင် အုပ်အုပ်ဆိုင်းဆိုင်းအောက်က အကြော်ဆိုင်ႇ ႈကလည်း တန်းစီလို့ ဝယ်စားသူတွေကလည်း အမြဲပြည့်ကျပ်လို့ပေါ့။ အ ႏကြော်တွေ ကလည်း ကြွပ်ကြွပ်ရွရွနဲ့ သိပ်အရသာရှိတာကလား။ မေးႏ ႏည့်တော့ မြစ်ခြေဘက်ကလို့ သိရတယ်။မြစ်ခြေဆိုတော့ပုဂံနဲ့ကလည်းမဝေးဘူးလေ။ အာနန္ဒာဘုရားပွဲမှာ အသေးအမွှားပစ္စည်းလေးတွေကအစ ရေခဲသေတ္တာ၊ တီဗွီ၊ အဝတ်လျှော်စက်အထိ ရောင်းတဲ့ဆိုင်တွေပါ ရှိပါတယ်။ ပန်းဒ ီး၊ လိမ္မော်သီး၊ ဆီးသီးရောင်းတဲ့ ဆိုင်ဆိုရင် အနီရောင်၊ အစိမ်းရောင်၊အဝါ ရောင်တွေ လွှမ်းပြီး ပန်းချီကားတစ်ချပ်ပမာကြည့်လို့တောင် ကောင်းနေပ သေးတယ်။ အဲဒီသစ်သီးဆိုင်ကို ကြည့်ပြီး စိတ်ကူးနဲ့ အကြိမ်ကြိမ် ပန်းချီ ႏ နေမိရဲ့။ စာရေးသူအနေနဲ့ စိတ်အဝင်စားဆုံးကတော့ စဥ့်အနုပညာ မြေထည်အနုပညာတွေ စုလင်လှတဲ့ အိုးဆိုင်၊ စဥ့်အိုးဆိုင်တွေပေါ့။ ပု

mgyoe.com

mgyoe.com


အာနန္ဒာဘုရားပွဲမှာ ဒီဆိုင်တွေက များသလားမမေးနဲ့ ဆိုင်တန်းကလည်း ရှည်သလားမမေးနဲ့၊ မကြာခဏ ဓာတ်ပုံရိုက်ဖူးပေမယ့် ရိုးနိုင်တယ်ကို မရှိပါဘူး။ အရွယ်မျိုးစုံ၊ ဆိုက်မျိုးစုံ၊ အသွင်သဏ္ဌာန်အမျိုးကလည်း စုံပါဘိသနဲ့။ မြန်မာမှု အနုပညာကလည်း အလွန်မြောက်ပေသကိုး။ စဥ့်အိုး၊ စဥ့်ပန်းအိုးတွေမှာ တွေ့မြင်ရတဲ့ ပန်းကနုတ်၊ လူပုံ နတ်သမီးပုံ၊ ပုဂံခေတ်အမျိုးသမီး၊ အမျိုးသားပုံတွေလည်း အတော်ကို လက်ရာမြောက်တာပါ။ ဒီလက်ရာတွေကို ကြည့်ပြီး ကိုယ့်မြန်မာမှု အနုပညာအဆင့်မြင့်ပုံတွေကို ခံစားချီးကျူးဂုဏ်ယူနေမိတယ်။ စိတ်ဝင်စားမိတယ်။

နောက်တစ်နေရာကတော့ ကျေးလက်ကလာတဲ့ လှည်းဝိုင်းတွေရှိရာပေါ့။ အုပ်စုလိုက်ဖွဲ့ပြီး ရပ်ကြောင်း ရွာကြောင်းတွေ ပြောကြ၊ တိုင်ပင်ဆွေးနွေးကြ၊ ချက်ပြုတ် စားသောက်ကြ၊ ဈေးဝယ်ကြ ခြမ်းကြ၊ ကလေးတွေက ဆော့ကစားကြ၊ ထင်းခွေသူခွေကြ၊ ရေခပ်သူခပ်ကြ၊ ပွဲထွက်ကြည့်လိုက်ကြနဲ့ သူတို့ခံစားလွတ်လပ်မှုကို သိကြားမင်းစည်းစိမ်နဲ့တောင် လဲနိုင်မယ်မထင်ဘူး။ စာရေးသူကတော့ သူတို့တွေရဲ့ ဟန်ပန်အမူအရာ ရိုးရာဓလေ့တွေကို အလစ်မပေးဘဲ ဓာတ်ပုံရိုက်လာတာ နှစ်ပေါင်းမနည်းတော့ဘူး။ ဒါလည်း အာသာပြေတယ်လို့မရှိပါဘူး။ သူတို့တစ်တွေ လှည်းဝိုင်းအနီးက နွားစာနဲ့၊ နွားချေးနံ့၊ ကလေး ဆူညံသံတွေကိုက ကျေးလက်သရုပ်ကို ဖော်ဆောင်နေလေရဲ့။ တကယ့်ကို ရွာရောက်သွားသလိုလည်း ခံစားရတယ်လေ။

အာနန္ဒာဘုရားပွဲမှာ နံနက်စောစော လမ်းလျှောက်ရတာ၊ ညအခါလမ်းလျှောက်ရတာ၊ ပုဂံလသာညများကို ရှုရိုက်ထွေးပွေ့ရတာတွေဟာ စာရေးသူကို အင်အားဖြစ်စေတာ အမှန်ပါ။ ပုဂံပွဲတော်တွေထဲမှာ အာနန္ဒာဘုရားပွဲဟာ ဈေးသည် ဈေးဝယ်၊ ဘုရားပွဲတော်လာရောက်သူများနဲ့ အစည်ကားဆုံးရောင်းလို့ ဝယ်လို့ အကောင်းဆုံးပွဲတော်ပါ။ အစည်းကားဆုံးရက်မှာ လပြည့်နေ့ပေါ့။ ကျောက်ပန်းတောင်း၊ မိတ္ထီလာ၊ မကွေး၊ ရေနံချောင်း၊ စလေ၊ ချောက်၊ ဆိပ်ဖြူ၊ မြစ်ခြေ၊ ကျွန်းချောင်း၊ ပခုက္ကူ၊ မြင်းခြံအပါအဝင် အနီးဝန်းကျင်က ရွာတွေကပါလာကြတာကိုး။ ချောက်မြို့ကတော့ အနီးဆုံးဆိုတော့ အဲဒီနေ့ ဈေးဘယ်လောက်ရောင်းကောင်းကောင်း

mgyoe.com

mgyoe.com


ဆိုင်ပိတ်ပြီး အုပ်စုလိုက် ကားငှားလာသူတွေ၊ လိုင်းကားစီးလာသူတွေ တစ်မြို့လုံးလောက်ဆိုပါတော့။ ရိုးရာပွဲတစ်ခုလို သတ်မှတ်ထားတဲ့အသိ၊ တစ်နှစ်မရောက်ရရင် တစ်ခုခုလိုနေသလိုလိုဖြစ်နေတဲ့ အသိကလည်း ပါပေသပေါ့။ စာရေးသူကတော့ လပြည့်နေ့မှာ လူတွေများလွန်းလို့ ရှောင်ပါတယ်။ လပြည့်ကျော်လို့ ဘုရားပွဲပြန်လှည်းတန်း ဓာတ်ပုံရိုက်ချင်လို့၊ လပြည့်မတိုင်မီ ပွဲတော်လာ လှည်းတန်းကြီးတွေကို ဓာတ်ပုံရိုက်ချင်လို့ စောစောရောက်တဲ့အခါ ရောက်ပြီး နောက်ကျမှရောက်လာတဲ့အခါက များပါတယ်။ လှည်းတန်းကြီး အပြန်ခရီးကို နွားတွေကလည်း သိနေကြတယ်လေ၊ ဒုန်းစိုင်းသွားကြတယ်။ နှင်တံတောင်တို့ထိစရာမလိုဘူး။ အလာခရီး လှည်းတန်းကြီးကို ကြည့်ပြီး ဝမ်းသာစိတ်ဖြစ်ပေါ်ရသလို အပြန်ခရီး လှည်းတန်းကြီးကို ကြည့်ပြီးတော့ ဝမ်းနည်းလှိုက်ဟာသလိုလို ခံစားရပါတယ်။

ဒီလိုပါပဲ ... ဧည့်သည်ဆိုတာ အချိန်တန် အိမ်ပြန်ကြရတာချည်း မဟုတ်လား။ ပြန်ကြရတာချင်း အတူတူ ဝန်ထုပ်ဝန်ပိုးမပါ ပေါ့ပါးလွတ်လပ်စွာနဲ့ ပြန်နိုင်ရင်တော့ အကောင်းဆုံး အပြန်ခရီးပေါ့။ ဒါကြောင့် နေခြင်းနဲ့သေခြင်း ကြားအစုန်ခရီးနဲ့ အဆန်ခရီး၊ အသွားခရီးနဲ့ အပြန်ခရီး ဘယ်လိုခရီးပဲဖြစ်ဖြစ် မညည်းမညူ လျှောက်လှမ်းနိုင်ဖို့ ခွန်အားသတ္တိတွေ အပြည့်ရှိဖို့ လိုပေလိမ့်မယ်။ ဒါမှ ဖြတ်သန်းရကျိုးနပ်မယ်လေ။ စာရေးသူကတော့ ပုဂံအပြန်ခရီးမှာ ကိုယ့်ကိုယ်ကိုယ် မေးနေမိပြန်တယ်။ နောက်ထပ် ပုဂံကို ရောက်ဦးမလားဆိုတာ အဖြေကတော့ ထုံးစံအတိုင်းပါပဲ။ ပုံဂံကို ထပ်မံခံစားချင်ပါသေးတယ်။

**Weelky Eleven ၃၀-၁-၀၈**

❒

mgyoe.com

mgyoe.com

# မန္တလေးဟာဘုရားပွဲ

ပုဂံဟူသည် အက္ခရာနှစ်လုံးနှင့် ဖွဲ့စည်းထားသော်ငြား အဆုံးမရှိအောင် ရှည်လျားလှပ သင်းပျံ့လွန်းလှသည်။ ပုဂံအလှကို အသွင်အမျိုးမျိုး၊ အမြင်အမျိုးမျိုးဖြင့် ဆွဲဆန့်ချယ်မှုန်းကြပေမယ့်၊ ပြီးဆုံးပြည့်ဝရပ်တန့် သွားသည်ဟူ၍ မရှိပါ။ ပုဂံအလှ ဖမ်းစား စီးမျောမှုတွေထဲတွင် စာရေးသူလည်း အပါအဝင်ဖြစ်သည်။ ပုဂံရနံ့ကို မကြာခဏ ရှုရှိုက်ခဲ့၊ ပုဂံအလှကို ထာဝရသောက်သုံးခဲ့၊ ပုဂံကောက်ကြောင်းကို အကြိမ်ကြိမ်ရေးခြစ်ခဲ့သော်ငြား ပျော်ဝင်ခြင်းရသ တိမ်တိုက်တွေနှင့်အတူ သောင်ကမ်းမရှာမိခဲ့သည် ထိအောင်ပင်။ ဆရာမင်းသုဝဏ်ကလည်း ပုဂံကို အခေါက်ခေါက်အခါခါ ရောက်ခဲ့ပေမယ့် တင်းတိမ်ရောင့်ရဲမှုမရှိဘဲ ပုဂံနေခြည် ယာခရိုးနှင့် ရွှေချိုးကူသံကို ထပ်မံကြားချင်သလို ရာဇကုမာရ်၏ မေတ္တာရနံ့ ရှုရှိုက်ချင်သလို ပုဂံက ဘုရားကျောင်းကန် ဗိသုကာလက်ရာများနှင့် ပုဂံပြည်ကြီး တည်ထောင်ခဲ့သူတို့ကို ဖူးမြော်စူးစမ်းချင်သည့် အတွေးများကို ဆရာ၏ ပေါက္ကံပြည်အမည်ရှိ ကဗျာတွင် ဤသို့ တွေ့ရသည်။

ကြားလိုသေးသည်၊ ပေါက္ကံပြည်၌
နေခြည်ရောင်ဖြိုး၊ ယာခရိုးတွင်
ရွှေချိုးသံသာကူသည်ကို။

mgyoe.com

mgyoe.com

နမ်းလိုသေးသည်၊ ပေါက္ကံပြည်၌
စိတ်ကြည်လင်ရာဇ၊ ကုမရ၏
မွေးဖဂုဏာ၊ တုံ့ပြန်ပါသည်
မေတ္တာရနံ့ ကြူသည်ကို။
ဖူးလိုသေးသည်၊ ပေါက္ကံပြည်၌
ရောင်ခြည်ဝင်းပ၊ ကျောင်းကူလှဟု
မြန်မာ့ဦးစွန်းလူသည်ကို

(မင်းသုဝဏ်)

စာရေးသူသည် ပုဂံရောက်လေတိုင်း သဗ္ဗညု၊ အာနန္ဒာ၊ မနူဟာ၊ ကန်တော့ပလ္လင်၊ ဓမ္မရံကြီး၊ လောကနန္ဒာ၊ မင်္ဂလာစေတီ၊ ရွှေဆံတော်၊ အပါယ်ရတနာ၊ ဥပါလိသိမ်၊ မြစေတီ၊ ရွှေစည်းခုံစေတီနှင့် အဝင်ဝက ခြသ်ေ့ကြီးတွေကို တမေ့တမော ကြည့်ရှုလေ့လာမိသည်။

ထို့အတူ သရပါတံခါးကို ရောက်လေတိုင်း အကြာကြီး ငေးမော ကြည့်ရင်း ဝမ်းနည်းမိသလိုလို ခံစားမိသည်။ ဩော် ဟိုတုန်းကတော့ သည်အရပ် သည်နေရာဟာ စိန်မှန်ကင်းအစစ်ရယ်ပေါ့ ... ။ မြန်မာတို့၏ ကျေးဇူးရှင်အနော်ရထာဘုရင်သည် ကျွဲရိုင်းကို နှိမ်နင်းဖို့ရာသည် သရပါ တံခါးကို ဝင်ပြီးမှ ထွက်သွားတော်မူခဲ့ရာ သူချစ်တဲ့ ပုဂံပြည်ကို ဘယ်တော့မှ ပြန်မလာတော့ချေ။ ထိုအတွေးများနှင့်အတူ ပုဂံသားတို့၏ အင်အား တောင့်တင်းခိုင်မာပုံ၊ စိတ်ဓာတ် ကြံ့ခိုင်ဖွံ့ဖြိုးပုံ၊ စည်းလုံးညီညွတ်ခြင်းနှင့် ရဲရင့်သတ္တိရှိပုံတွေကို ထိုသရပါတံခါးကပင် သက်သေခံ ပြောပြနေပြန် သည်။

ထီးသုဉ်းနန်သုဉ်း
မြို့သုဉ်းသုည၊ သုဉ်းသုံးဝနှင့်
ကြုံရသည့်ပြင်၊ သင့်ကိုပင်လျက်
မရှုင်ဂုဏ်ညှိုး၊အထွက်တိုး၍
မုဆိုးမနှယ်၊ မျက်နှာငယ်၏။

(မင်းသုဝဏ်)

mgyoe.com

mgyoe.com


ဟု ဆရာမင်းသုဝဏ်က သူ့ဝေဒနာကို ဤသို့ ပုံဖော်ချယ်မှုန်းခဲ့လေသည်။ ပုဂံပြည်ကောင်းစားစဉ်အခါက သံဃာတော်များ စာကျက်သံတွေ ဘဝဂ်လျှံနေပေလိမ့်မည်။ ဘုရားပွဲတွေ ခြိမ့်ခြိမ့်သဲ ကျင်းပကြပေလိမ့်မည်။ ပွဲကသူ၊ ပွဲကြည့်သူ၊ ဈေးရောင်းဈေးဝယ်သူတွေနှင့် ဆူညံစည်ကားနေပေလိမ့်မည်။

**စေတီတန်ဆောင်း**
**ဆည်ချောင်းနှင့်စပါးနှံ**
**ရွှေပေါက္ကံပြည်တစ်ကြောမှာ**
**ပေါချင်တိုင်းပေါတဲ့ ပြင်**
**ဝပြောတဲ့ သာသနာ**
**ခေါင်းလောင်းသံညံမစဲရယ်နှင့်**
**ပုဂံပွဲသာလွန်းလို့**
**လာသူလာသွားသူသွား**
**လယ်တွင်းသား ပြည်တော်သား**
**အသည်သား မင်းမှူးထမ်း**
**တစ်စိတ်ဝမ်းတစ်လက်ညီ**
**ပြည်ရေးကိုပြိုင်တူချီကြတော့**
**ပြည်တော်မြတ် ပဲ့တင်သံ**
**ဘဝဂ်တိုင်ပြန်ပါရော့။**

(ဇော်ဂျီ)

ဆရာဇော်ဂျီကလည်း အတိတ်ပုဂံကို ဤသို့ခံစားခဲ့လေသည်။ စာရေးသူသည်လည်း ပုဂံဘုရားပွဲများကို အလွတ်ပေးလေ့မရှိပါ။ ရွှေစည်းခုံဘုရားပွဲ၊ အလိုတော်ပြည့်ဘုရားပွဲ၊ အာနန္ဒာဘုရားပွဲများကို ခံစားဆွတ်ပျံ့ရင်း ဆောင်းပါးများရေးခဲ့ရာမှ ယခု မနူဟာဘုရားပွဲကို မိုးထဲလေထဲ ဓာတ်ပုံဆရာ ကိုအောင်ကြည်ဦး၊ ရှင်ပဏ္ဍိစ္စတို့နှင့်အတူရောက်ဖြစ်အောင် ရောက်ခဲ့သည်။

မနူဟာဘုရားသည် တခြားစေတီပုထိုးများလို စိတ်ဝင်စားဖို့ကောင်းလှသည်။ ထူးခြားချက်မှာ ဆင်းတုတော်ကြီးတွေက ကြီးမား

mgyoe.com

mgyoe.com


ပြည့်သိပ်ပြီး လိုဏ်ဂူတော်က ငယ်နေသောကြောင့် ဖူးမြော်ရသူတိုင်း မွန်းကျပ်သည့် ဝေဒနာကို ခံစားရသည်။ ထိုဝေဒနာကား ဖူးမြော်သူတိုင်း ဖြစ်သည်။ ထိုရသသည်ပင် မနူဟာ ဘုရင်၏ သုံ့ပန်းဘဝ အကျဉ်းသားဘဝကို ဖော်ပြနေသည်ဟု ထင်မိသည်။ ဘုရားရှေ့ အာရုဏ်ခံတန်ဆောင်းအတွင်းက ဧရာမသပိတ်ကြီးကလည်း ထိုခေတ်က ပြည့်ဝမှုကို ဖော်ဆောင်နေသယောင်၊ အေဒီ ၁၀၆၈ ခုနှစ်မှာ မနူဟာမင်းကြီး မြင်းကပါရွာတွင် အကျယ်ချုပ်ဘဝဖြင့်နေရစဉ် မြင်းကပါသူဌေးထံ သူပိုင်မနောမယ ကြောင်မျက်ရွဲကို ငွေအသပြာ လှည်းခြောက်စီးတိုက်နှင့် ရောင်းပြီး မနူဟာဘုရားကို တည်ခဲ့လေသည်။

မနူဟာဘုရားသည် ကုလားကျောင်းခံဖြစ်ပြီး ပစ္စယာပေါ်၌ ဗောဓိပက္ခိယ ၃၇ ပါးကို ရည်စူး၍ အရံစေတီငယ် ၃၇ ဆူ တည်ထားသည်။ ထိုင်တော်မူ ဆင်းတုတော် သုံးဆူသာမက ကျောဘက်တွင် လျောင်းတော်မူ ဆင်းတုတော်ကြီးကိုပါ တွေ့ရသည်။ ဆင်းတုတော်ကြီးများ ကြီးမားပြည့်ဝမှု၊ ပန်းရံ၊ ပန်းပု လက်ရာမြောက်မှုများကြောင့် မနူဟာဘုရားသည် ပုဂံရှိစေတီပုထိုးများထဲတွင် ထင်ရှားကျော်ကြားသော ဘုရားတစ်ဆူဖြစ်သည်။

စာရေးသူသည် ပုဂံရောက်တိုင်း မနူဟာဘုရားအနီးတွင် တည်းခိုလေ့ရှိပြီး မနူဟာဘုရားကို နေ့အခါတွင်လည်းဖူး၊ ညဘက်တွင်လည်းဖူးရင်း လသာညများတွင် မနူဟာဘုရားမှ ဆည်းလည်းသံကို နားစွင့်ရင်း ပုဂံအရသာကို တစ်ဝကြီး ခံစားခဲ့ရဖူးသည်။

ပိဋကတ်တော်များကို ရယူလို၍ စစ်တိုက်သောအခါ စစ်နိုင်ဘုရင်အနော်ရထာသည် သထုံပြည့်ရှင် မနူဟာဘုရင်အား အကျယ်ချုပ်ဖြင့်စစ်သုံ့ပန်းအဖြစ် ထားရှိရာက မနူဟာဘုရင်နှင့် အနွယ်တော်များကို ရွှေစည်းခုံဘုရား၌ ဘုရားကျွန်အဖြစ် အနော်ရထာမင်းက လှူဒါန်းကြောင်း စာတစ်ပိုဒ်ကို ဖတ်လိုက်ရသောအခါ သနားမိခဲ့သလို၊ သထုံ နေမိန္ဒရတောင်ပေါ်တွင် သိမ်သမုတ်ရာ မကျွတ်မလွတ်သောဘဝမှာ မင်းဝတ်တန်ဆာနှင့်တွေ့ရကြောင်းကို ဖတ်မိရာ၌လည်း သူ့အတွက် ဝမ်းနည်းမိခဲ့ဖူးသည်။

မနူဟာဘုရားဖူးလေတိုင်း မနူဟာဘုရင်၏ အတိတ်အကြောင်း

mgyoe.com

mgyoe.com


တွေ မတွေးဘူးသည့်အခါ မရှိသလောက်ပင်။ မနူဟာ ဘုရားပွဲသည် ဆွမ်းသပိတ်လောင်းလှူပွဲနှင့် ညအခါ ပျော်ပွဲရွှင်ပွဲလည်းပါသည်။ အာနန္ဒာ၊ လောကနန္ဒာ၊ အလိုတော်ပြည့်၊ ရွှေစည်းခုံဘုရားပွဲများလို ရက်မရှည်သော်လည်း အလွန်စည်ကားလှသည်။ မြင်းကပါရွာတွင် (၆) ရပ်ကွက်ရှိရာ စိန်ကုန်း၊ ရွှေခြံနှင့် အလယ်ကုန်းရပ်ကွက်တို့မှ မနူဟာဘုရားပွဲကို စုပေါင်းဦးဆောင်ကျင်းပပြီး တော်သလင်းလဆန်း (၁၄) ရက် နေ့လယ် ၁ နာရီကျော်ခန့်တွင် မြင်းရုပ်၊ ကြက်ရုပ်၊ကျားရုပ်၊ မနူဟာမင်းကြီး ဆင်စီးနေသည့် အရုပ်ကြီးများကို ခမ်းနားစွာ လှည့်လည်လေ့ရှိသည်။ မနူဟာမင်းကြီး ရုပ်တုအရှေ့ဘက်က ပုပ္ပားမယ်တော်နှင့် သားတော်နှစ်ပါး အင်္ဂတေရုပ်တုများကိုလည်း နှစ်စဉ် ဘုရားပွဲရောက်လေတိုင်း ဝတ်လဲတော်အသစ် ဆက်ကြလေသည်။ လှည့်လည်ပွဲတွင် အကအခုန်၊ အိုးစည်ဒိုးပတ်သံများ ဆူညံလျက် အလွန်စည်ကားနေသည်ကို တွေ့ရသည်။ ယွန်းပညာရှင်တွေ ပေါ်ထွန်းသည့် မြင်းကပါရွာမှာ အရုပ်သွန်းသည့် ပညာရပ်သည် ထူးခြားပြောင်မြောက်လွန်းလှသလို နေ့တစ်ဝက်သာ လှည့်လည်ရန်အတွက် အကုန်အကျခံ ဒုက္ခခံ စိတ်ရှည်လက်ရှည်နှင့် ရိုးရာပွဲအတွက်ထားရှိသည့် စေတနာကိုလည်း ချီးကျူးဖို့ကောင်းလှသည်။

ထို့အတူ မွေးနေ့ကိတ်မုန့်ကြီးတွေလို ကြီးမားသော ကိတ်မုန့်ကြီးတွေကို အထူးမှာကြားဝယ်ယူကာ ကုသိုလ်ရှင် နာမည်တွေ ကိတ်မုန့်ကြီးပေါ်မှာ ရေးထားတာ တွေ့ရသလို ပန်းမျိုးစုံ၊ မာလကာသီး၊ ဩဇာသီး၊ သဘော်သီး၊ ငှက်ပျောသီး၊ ပန်းသီးနှင့် တခြားမုန့်မျိုးစုံကို ဆွမ်းတော်ကြီးပွဲတင်ထားသည်ကို တွေ့ရ၍ သူ့သဒ္ဓါတရားကို လေးစားမိပြန်သည်။

တော်သလင်းလပြည့်နေ့ နံနက်မှာတော့ သံဃာတော်များ ကပ်လှူသည်။ ဆွမ်းသပိတ်ချပွဲပြုလုပ်ပြီးနောက် ငွေသွန်းပွဲခေါ်သည့် ရွှေသင်္ကန်းကပ်လှူပွဲ ကျင်းပသေးသည်။ နောက်ဆုံးအစီအစဉ်ကတော့ ပျော်ပွဲရွှင်ပွဲအဖြစ် ဇာတ်ထည့်လေ့ရှိရာ ယခုနှစ်မှာ ရွှေညီအစ်ကိုများ ဇာတ်ကပြအသုံးတော်ခံသည်။

မနူဟာဟာဘုရားပွဲ၏ ထူးခြားချက်မှာ နှစ်စဉ် မိုးမလွတ်သော်ငြား အရုပ်သွန်းချိန်မှာ မိုးရပ်သွားလေ့ရှိခြင်းပါပဲ။ ဘယ်လောက်မိုးရွာရွာ

mgyoe.com

mgyoe.com


ပွဲကြည့်ပရိသတ်မှာ ပြည့်သိပ်လျက် ထီးဆောင်းကြည့်နေကြသည်။ (၃) ရက်သာ ကျင်းပသည့် မနူဟာ ဘုရားပွဲသည် ချောက်၊ မြင်းခြံ၊ ကျောက်ပန်းတောင်း၊ ငွေးချို၊ တောင်သာ၊ ရေနံချောင်း၊ ပခုက္ကူမြို့များမှ လာကြသလို နိုင်ငံခြားခရီးသွားများကိုလည်း တွေ့ရသည်။ မိုးထဲလေထဲ အခက်အခဲကြားမှ ရောက်ခဲ့သော်လည်း မိမိဆန္ဒပြည့်ဝသွားပြီမို့ လန်းဆန်းနေသည်။ ဤသည်ကား ပုဂံ၏ဆွဲငင်အားဖြစ်သည်။ ထို့အတူ ပုဂံအလှ ပုဂံရသကို ခြေရာကောက်ခွင့်ရ၍ ဝမ်းသာပီတိဖြစ်ရသလို ပုဂံနှင့်မဝေးသောအရပ်၌ မွေးဖွားနေထိုင်ခွင့်ပေးခဲ့သည့် မိဘ၊ ဆရာသမားများကို အထူးကျေးဇူးတင်လျက် ...

ဂမ္ဘီရမဂ္ဂဇင်း၊ ၂၀၀၆ခုနှစ်၊ ဇွန်

❐

mgyoe.com

m.gyoe.com

# လောကနန္ဒာဘုရားပွဲ

ပုဂံမှာ နေဝင်ချိန် ရှုခင်းတွေကြည့်ရန် စေတီပုထိုး သုံးလေးဆူရှိသည့်အထဲက လောကနန္ဒာဘုရားနှင့် ဗူးဘုရားသည် ဧရာဝတီမြစ်နှင့် အနီးဆုံးလည်းဖြစ်၊ ရေပြင်ရှုခင်းလည်း ကြည့်ရှုရ၊ မြစ်ပြင်ကို တိုက်ခတ်ကျော်ဖြတ်လာသည့် လေကောင်းလေသန့်ကိုလည်း ရှူရှိုက်ရမို့ အင်မတန်စိတ်ကြည်နူးမှုကို ရရှိစေပါသည်။

ထိုရန့် ထိုရသကို ရစေဖို့ စာရေးသူသည် ပုဂံရောက်တိုင်း ဘုရားအတော်များများကို ဖူးပြီး ဗူးဘုရားနှင့် လောကနန္ဒာစေတီသို့ရောက်အောင်ဖူးဖြစ်ခဲ့လေသည်။

ဒီတစ်ခါတော့ လောကနန္ဒာဘုရားပွဲကိုပါ ခံစားလို၍ ဝါခေါင်လဆန်း (၈) ရက်အမီ သွားရောက်ခဲ့သည်။ ထိုနေ့က ဘုရားဆွမ်းသပိတ်ချပွဲ အစည်ကားဆုံးနေ့ပေကိုး။ ပွဲတော်ရက်မှာ ဝါခေါင်လဆန်း (၅) ရက်နေ့မှစပြီး ဝါခေါင်လပြည့်နေ့မှာ ဘုရားပွဲပြီးဆုံး၏။ သို့သော်ငြား သည်ဘုရားပွဲသည် ၁၂ ပွဲ ဈေးသည်များ၏ ပွဲနားရက်ဖြစ်သောကြောင့် တော်သလင်းလဆန်းမှ ပြောင်းရွှေ့ပြီး တချို့က မိတ္ထီလာဖောင်တော်ဦးဘုရားပွဲ၊ တချို့က ပေါင်းတည်စွယ်တော်ဘုရားပွဲကို ကူးကြပြန်သည်။ ၁၂ ပွဲဈေးသည်ဆိုသလောက် သူတို့သည် ၁၂ လလုံးလုံး ဟိုမှသည်၊ သည်မှ

m.gyoe.com

mgyoe.com


ဟို မြန်မာပြည် တစ်နံတစ်လျား ကူးသန်းရောင်းဝယ်နေသူတွေဖြစ်သည်။ တချို့ဆိုလျှင် ကိုယ့်အိမ် ကိုယ့်ရာ ကိုယ့်အရပ်ကို တစ်နှစ်လုံးမှ တစ်ည ပြည့်အောင် မနားကြရပါ။

မိဝေး ဖဝေး ရပ်ရွာမြို့ပြနှင့်ဝေးနေကြသော်ငြား ၁၂ ပွဲ ဈေးသည်များသည် ရောက်ရာအရပ်တွင် လူမှုရေး အဆင်ပြေအောင်ပေါင်းသင်း ဆက်ဆံတတ်ခြင်း၊ မွေးချင်းတမျှ ခင်မင်မှု သံယောဇဉ်ခိုင်မြဲခြင်း၊ နယ်မြေ ဒေသကျွမ်းကျင်ခြင်း၊ ငွေကြေးမှာ လျင်မြန်စွာ အကောင်အထည်ပေါ်ခြင်း တွေကြောင့် ရပ်ရွာ မြို့ပြဆွေမျိုးနှင့် ဝေးကွာနေသော်ငြား သူတို့မှာ အစားထိုး အဆင်ပြေမှုများနှင့် သဟဇာတဖြစ်နေပုံရသည်။ ထိုအတွေးများနှင့် အတူ ...

"ခင်ဗျားတို့ အခုလို ဟိုပြေးသည်လွှားနဲ့
ဆိုင်ပြင်ဦး၊ ခင်းဦး၊ ရောင်းဦး
ကုန်ဝယ်ဦး၊ ဆိုင်သိမ်းဦး၊ အလုပ်တွေရှုပ်နေတာ
ဒီအလုပ်ကို မငြီးငွေ့ဘူးလား"
ဟု အသိတစ်ဦးကို မေးကြည့်သောအခါ ...

"တစ်ခါတစ်ခါတော့ ငြီးငွေ့ပေမယ့် ငွေအလျင်အမြန်ပေါ်တဲ့ အလုပ်ဆိုတော့ လုံးလုံးလျားလျား စိတ်မကုန်နိုင်ဘူးပေါ့။ ငြီးငွေ့ချိန်လည်း မရှိသလောက်ပါပဲ။ ခုပဲကြည့်လေ ... ပွဲကူးရက်လိုသေးလို့သာ ဒီမှာ နားနေရတာကို ဝါခေါင်လကုန်တာနဲ့ တော်သလင်းမှာ မိတ္ထီလာဖောင် တော်ဦးပွဲ ကူးတဲ့လူကကူး၊ ပေါင်းတည်စွယ်တော်ပွဲ ရွှေ့တဲ့လူက ရွှေ့ကြမယ်။

နောက်ရွှေဘို မြို့ထောင့်ပွဲကနေ သီတင်းကျွတ်တာနဲ့ မကွေး မြသလွန်ပွဲ၊ မြသလွန်ဘုရားပွဲကနေ ရေနံချောင်း ပင်းဘုရားပွဲ၊ တန်ဆောင်မုန်းလရောက်တော့ ပြည်ရွှေဆံတော်၊ ချောက်က လက်ပံပွဲ၊ အေးစေတီပွဲ၊ ညောင်ဦးက ရွှေစည်းခုံပွဲ၊ မင်းဘူးက ဓာတ်တော်ကုန်းပွဲ နတ်တော်လမှာ ပုဂံအလိုတော်ပြည့်ပွဲ မလွန်က မြသပိတ်ပွဲ၊ ပြာသိုလမှာ ပုဂံ အာနန္ဒာပွဲ၊ သရက်မြို့က သတ္တဋ္ဌာနပွဲ၊ တပို့တွဲလမှာ နတ်မောက်ပွဲ၊ တပေါင်းလမှာ ရေနံချောင်း သောင်ပြင်ပွဲ၊ လယ်ကိုင်းက ကျောင်းတော်ရာပွဲ၊ မန္တလေးနား

mgyoe.com

mgyoe.com

က ရွှေစာရံပွဲ၊ တောင်တွင်းကြီး ရွှေအင်းတော်ပွဲ၊ ရွှေစက်တော်ကတော့ တပို့တွဲလဆန်း ၅ ရက်မှ တန်ခူးလနှစ်ဆန်း (၂) ရက်နေ့ထိအောင်ပေါ့။

တန်ခူးလမှာတော့ ပွင့်ဖြူက လက်ခုပ်ဘုရားပွဲ၊ကဆုန်လမှာတော့ စလင်းမြို့က ကုသိန္နာရုံပွဲ၊ နယုန်လမှာတော့ ပခုက္ကူ သီဟိုဠ်ရှင်ပွဲ၊ ဝါဆိုလမှာ မြင်းခြံက နှစ်ကျိပ်ရှစ်ဆူပွဲ၊ မလှိုင်ပန်းအိုင်ပွဲ၊ တညောင်ဘုရားပွဲ၊ မြင်းမူဘုရားပွဲတွေ ဘယ်နည်းလို့တုံး။ ဒါတောင် တခြားမြို့များနဲ့ ရှမ်းပြည်က ဘုရားပွဲတွေနဲ့ အောက်ပိုင်း ဧရာဝတီတိုင်းက ဘုရားပွဲတွေမပါသေးဘူးနော်။ "ဒီလိုနဲ့ပဲ သံသရာလည်နေတာ"

ဟု ဈေးသည်တစ်ဦးက ရှင်းပြလေ၏။ စာရေးသူလည်းသူနှင့်စကားပြောပြီး လောကနန္ဒာ ဘုရားပေါ်တက်ဖူးကာ နေဝင်ချိန်ရှုခင်းကိုငေးကြည့်နေမိသည်။ ထို့နောက် ဧရာဝတီမြစ်ပြင်ကြီးကို စူးစိုက်ကြည့်ရင်း တစ်ချိန်က သည်နေရာသည် နိုင်ငံခြား သင်္ဘောဆိပ်ဖြစ်၍ လူသူအသွားအလာ ဈေးသည် ဈေးဝယ်များနှင့် ရှုပ်ထွေးစည်ကားနေပေလိမ့်မည်ဟု တွေးမိသလို အနော်ရထာမင်းကြီးသည် သီဟိုဘုရင် ပထမ ဝိဇယဗာဟုက ပေးပို့လိုက်သော စွယ်တော်ကို မင်းပရိသတ်နှင့်အတူ လောကနန္ဒာဆိပ်ကမ်းမှ ကြိုဆိုပင့်ဆောင်ရာတွင် မြစ်ထဲဆင်းပြီး လည်ပင်းရေထိသည်အထိ သဒ္ဒါပီတိဖြစ်ပုံတွေကို မြင်ယောင်နေမိသည်။

လောကနန္ဒာစေတီသည် မကြီးလွန်း မငယ်လွန်း၊ အလတ်စားအနေအထားမှာ ရှိပြီး ပစ္စယာ (၃) ဆင့်၏အပေါ်၌ ခေါင်းလောင်းပုံဖြစ်သည်။ လောကနန္ဒာစေတီကို သရေခေတ္တရာမြို့ဟောင်းမှ ဘောဘောကြီး၊ ဘုရားကြီး၊ ဘုရားမာစေတီများနှင့် အကြမ်းဖျင်းအားဖြင့် တူနေသလို အိန္ဒိယနိုင်ငံရှိ တချို့ဘုရားများနှင့်လည်း တူကြောင်းကို ဆရာပါရဂူက သူ၏ 'ပုဂံခရီးသည်' စာအုပ်မှာ သုံးသပ်ထားလေသည်။

လောကနန္ဒာစေတီကို ဟိုယခင်က လူသူအရောက်ပေါက်နည်းသော်လည်း ယခုအချိန်မှာတော့ တန့်ကြည့်တောင်စေတီ၊ ရွှေစည်းခုံစေတီ၊ တုရင်တောင်စေတီ၊လောကနန္ဒာစေတီစသော စွယ်တော်ရှင်(၄)ဆူကို တစ်နေ့တည်း ဆွမ်း၊ပန်း၊ သစ်သီး တစ်ပြေးညီတည်း ကပ်လှူ ဆုတောင်းမှုတစ်ခုတည်းနှင့် ဖူးမြော်ဆည်းကပ်လျှင် မကြာချက်ချင်း လက်ငင်း

mgyoe.com

mgyoe.com


ကောင်းကျိုးပေးသည်ဟူသော အဓိဋ္ဌာန်ဖြင့် အဖူးအမြော် အဆည်းအကပ် ရောက်လာသူများနှင့် စည်ကား၍နေပေသည်။ စာရေးသူကတော့ လောက နန္ဒာဘုရားပေါ်တွင် တစ်ဦးတည်း ဟိုငေးသည်မောနှင့် စိတ်ကူးထဲတွင် ကာရန်တွေရှာပြီး ကဗျာတွေ စပ်နေရခြင်းနှင့် တိတ်ဆိတ်မှုရသကို ခံစားရခြင်းကြောင့် သည်နေရာကို နှစ်သက်ခုံမင်နေခြင်းဖြစ်သည်။

မင်းဆက်ပေါင်း (၅၅) ဆက် အုပ်စိုးခဲ့သော ပုဂံပြည်သည် ယခု ဆိုလျှင် နှစ်ပေါင်း (၁၂၆၁) နှစ် ကြာမြင့်ခဲ့သော်ငြား မြန်မာ့အလှ၊ မြန်မာ့ ယဉ်ကျေးမှု၊ မြန်မာ့သမိုင်းအမွေအနှစ်ကို လှစ်ဟဖော်ပြနေမြဲဖြစ်သည်။ ထိုအလှတရား၊ ထိုဂီတသည်ကား မြန်မာ့အမွေအနှစ်၊ မြန်မာမှုကို နှစ်သက် ခံစားတတ်လေလေ မြင်နိုင် ကြားနိုင်စွမ်းအား ပိုကောင်းလေလေ ဖြစ်သည်။ ဆရာမြသန်းတင့်သည် တမာနုချိန်ရောက်တိုင်း နွေလွမ်းဝေဒနာ၊ အိမ်လွမ်း သည့်ရောဂါပေါ်လာတတ်သလို စာရေးသူသည်လည်း ပွင့်လင်းရာသီ ရောက်တိုင်း ပုဂံလွမ်းဝေဒနာရှိနေမြဲပင်။

သူရဇ္ဇမဂ္ဂဇင်း၊ ၂၀၀၅ခုနှစ်၊ ဩဂုတ်လ

❐

mgyoe.com

mgyoe.com

# တန့်ကြည့်တောင်ဘုရားပွဲ

ရွှေစည်းခုံ၊ လောကနန္ဒာ၊ တုရင်တောင်၊ တန့်ကြည့်တောင် စွယ်တော်ဘုရား (၄) ဆူကို တစ်နေ့တည်း ဆွမ်း၊ ပန်း၊ သစ်သီး၊ မုန့်အညီအမျှ လှူပြီး ဆုတောင်းလျှင် ဆုတောင်းပြည့်သည်ဟု အဆိုရှိသည်။ ဥပမာ ရွှေစည်းခုံစေတီကို ပန်းသုံးမျိုး၊ ယိုသုံးမျိုး၊ မုန့်သုံးမျိုး၊ သစ်သီးသုံးမျိုး နှင့် ဆွမ်းတော်ကပ်လှူလျှင် တခြားစွယ်တော်သုံးဆူကိုလည်း ဤနည်းအတိုင်း အပိုအလိုမရှိ အမျိုးတူ အမည်တူကပ်လှူလျှင်၊ တောင်းသည့်ဆုသည်လည်း တစ်မျိုးတည်းကိုဆိုလိုပါသည်။ ရွှေစည်းခုံ၊ လောကနန္ဒာ တုရင်တောင် ဘုရားသုံးဆူအတွက် လွယ်ကူသော်လည်း တန့်ကြည့်တောင် ဘုရားကား မြစ်အနောက်ဘက်မှာ တည်ရှိနေပြီး မြစ်ကြီးခြားနေသည်မို့ မလွယ်ကူလှပေ။ တစ်မြို့တည်းတည်ရှိသော စွယ်တော်သုံးဆူကလည်း တစ်ဆူနှင့်တစ်ဆူ အတော်အလှမ်းဝေးလှသည်။ အချိန်မှာလည်း နံနက် အရုဏ်လာပြီးသည်မှ နေမွန်းမတည့်မီအတွင်းသာ။သို့သော် ကားစီးလုံးဌား တန့်ကြည့်တောင်ကို ဇက်နှင့်ကူးပြီး အစီအစဉ်အတိုင်းပြီးစီးအောင် လှူဒါန်း ဆုတောင်းကြသည်။

ထူးခြားသည်မှာ စွယ်တော်လေးဆူသည် ပုဂံဘုရားများထဲတွင် အပါအဝင်ဖြစ်ပြီး တန့်ကြည့်ဘောင်ဘုရားသည် ပုဂံဘုရားအများစုထဲတွင်

mgyoe.com